Established in 30th June 1997

# POPULAR

၁၉၊ ၁၂၊ ၂၀၁၇၊
အင်္ဂါနေ့
အတွဲ - ၂၁၊ အမှတ် - ၅၀
စာပေအနုပညာဂျာနယ်








ရုပ်ရှင် ထုတ်လုပ်ရေးဘ
ခြေဦးလှည့်ဖို့ စီစဉ်နေတဲ့
အကယ်ဒမီ
**ရန်အောင်**
စာ - ၂၄

သမီးလေး လဝန်းမေက
**ကုသိုလ်ကံထူးတယ်လို့ပြောရမယ်** အကယ်ဒမီ **သက်မွန်မြင့်**
နှောက်ကျောဖုံး

**ဇန့်**
ဖြစ်သွားရခြင်းအကြောင်း
အကယ်ဒမီ
**မေပွေးမေပွေး**
ရှင်းပြ
စာ - ၁၀







**သားဖြစ်သူကို ကိုယ့်ခြေထောက်ပေါ်ကိုယ်**
ရပ်တည်နိုင်တဲ့သူ ဖြစ်စေချင်တယ် **မိုးယုစံ**
စာ - ၁၅

သားဖြစ်သူကို လိမ္မာရေးခြားရှိတဲ့
ယောကျ်ားတစ်ယောက်ဖြစ်စေချင်တယ်
**သဉ္ဇာနွယ်ဝင်း**
စာ - ၁၅

www.free4readers.com

# ရုပ်ရှင်လောကသားတို့ရဲ့စည်းလုံးညီညွတ်မှုကိုပြသနိုင်ခဲ့တဲ့ရုပ်ရှင်ညီလာခံ

ဒီဇင်ဘာ ၁၂ရက်နေ့က ရန်ကုန်မြို့၊ အမျိုးသားဇာတ်ရုံမှာ ကျင်းပပြုလုပ် ခဲ့တဲ့ ရုပ်ရှင်ညီလာခံကတော့ အနု ပညာရှင်၊ အတတ်ပညာရှင် စုံစုံလင်လင်တက်ရောက်ခဲ့ပြီး ရုပ်ရှင်လောကသားတို့ရဲ့ စည်းလုံးညီညွတ်မှုအားကို ပြသလိုက်နိုင်ခဲ့တဲ့ ပွဲတစ် ပွဲလို့ ဆိုရမှာပါ။

"အကြံပြုစာတော့ ပေးထားတာမရှိဘူး။ ညီလာခံ တက်ဖြစ်ခြင်းရဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့ ညီညွတ်ခြင်းကို ပြတယ်ဆိုတဲ့ သဘောတွေ အများကြီး ပါ ပါတယ်။ ဒီသဘောနဲ့ လာတာလည်းဖြစ်ပါတယ်ခင်ဗျာ" လို့ ပွဲတက်ရောက်လာတဲ့ ရုပ်ရှင်မင်းသားကြီး အကယ်ဒမီ လွင်မိုးရဲ့ အပြောကို ဖတ်မိတယ် ဆိုရင်ပဲ ရုပ်ရှင်လောကသားတို့ရဲ့ စည်းလုံးညီညွတ်မှုကို သိရှိနိုင်မှာပါ။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌဖြစ်သူ ဦးဇင်ဝိုင်းက. . . . .

"ကျွန်တော်တို့ လောကသားများ လူ ၅၀၀၊ ၆၀၀ လောက် စုစည်းပြီး တက်ရောက်ကြတာ ဖြစ်ပါတယ်။ တစ်လောကလုံးကိုတော့ ဖိတ်ကြားနိုင်ဖို့ ဘယ်လိုမှ အဆင်မပြေပါဘူး။ အဲဒီတော့ တစ်လွှာကို လူအယောက် ၅၀ကျော်၊ ၆၀ လောက် ဖိတ်ကြားပြီးတော့အလွှာ၁၀လွှာဆိုတော့အယောက် ၆၀၀ လောက်တက်ရောက်ကြတာဖြစ်ပါတယ်။ ရုပ်ရှင်လောကရဲ့ အကြံပြုလိုတဲ့အချက်များ၊ ကျွန်တော်တို့ ရုပ်ရှင် အစည်းအရုံးရဲ့ ဖွဲ့စည်းပုံ၊ ရွေးကောက်ပွဲ စည်းမျဉ်း ဥပဒေတွေ၊ တခြား အကြံပြုသင့်တဲ့ အချက်များကို အလွှာလိုက် စုစည်းပြီးတင်ပြကြတာဖြစ်ပါတယ်။ ကျေနပ်ပါတယ်။ ဝမ်းသာပါတယ်။ အဖြေကတော့ ရရှိတာက ဆုံးဖြတ်ချက် ၄ချက်ရယ်၊ ဆက်လက်ပြီးတော့ သယ်ဆောင်သွားရမယ့် အချက် ၇၁ ချက်ရယ်၊ အကယ်ဒမီနဲ့ ပတ်သက်တဲ့ ၁၈ချက်ရယ် ရရှိပါတယ်။ အားလုံး ဝမ်းသာကြည်နူးရပါတယ်" လို့ ရုပ်ရှင် ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး သူ့ရဲ့ စိတ်ခံစားချက်၊ ပီတိ၊ ကျေနပ်အားရမှု တို့ကို ပြောပြပါတယ်။ ဆက်လက်ပြီး ဦးဇင်ဝိုင်းက ရွေးကောက်ပွဲကနေ ထွက်ရှိလာခဲ့တဲ့ ရလဒ်တွေနဲ့ ပတ်သက်ပြီး. . . . .

"ဒီညီလာခံက ထွက်လာတဲ့ ရလဒ်တွေဟာ သေချာတာတစ်ခုက ဘယ်သူကမှ ဝင်ရောက်ပြီး ရေးဆွဲထားတဲ့၊ ဘယ်အာဏာပိုင် အဖွဲ့အစည်းကမှ ရေးဆွဲထားတဲ့ အချက်အလက်တွေ မဟုတ်ပါဘူး။ လောကသားတွေ စစ်စစ်မှန်မှန် ဆန္ဒအရ ရေးဆွဲလိုက်တဲ့ အချက်အလက်တွေ ဖြစ်ပါလိမ့်မယ်။ ဒီအတွက် ဒီအချက်အလက်တွေသည် လောကသားများရဲ့ ဆန္ဒ အစစ်အမှန် ဖြစ်ပါမယ်။ ဒါသည်ပင်လျှင် NGO အဖွဲ့အစည်း တစ်ခု ရဲ့ ပုံသဏ္ဌာန်ဖြစ်ပါလိမ့်မယ်။ နောက်ပြီးတော့ ရုပ်ရှင်လောကတိုးတက်ဖွံ့ဖြိုးဖို့အတွက် ဒီကနေ အချက်အလက်ပေါင်း များစွာထွက်လာလိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်" လို့ ပြောပြပါတယ်။

ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ အဖြစ် တာဝန်ယူလုပ်ဆောင်လာခဲ့တာ ၂ လကျော် သက်တမ်းအတွင်းသာ ရှိသေးပေမယ့် ရုပ်ရှင်အစည်းအရုံးရဲ့ တာဝန်တွေ၊ ရုပ်ရှင်လောကသားတွေရဲ့ တာဝန်တွေကို အပြည့်အဝယူထားရတဲ့ ဦးဇင်ဝိုင်းအနေနဲ့ ဒီကာလတွေ အတွင်းမှာ ခက်ခဲမှုတွေ၊ ပင်ပန်းမှုတွေ ရှိမှာပေါ့လို့ဆိုတော့ . . .

"အခက်အခဲကတော့ ရှိမှာပဲ။ ပြဿနာကတော့ ရှိမှာပဲ။ ဒါဟာ လူ့အဖွဲ့အစည်းကိုး။ ရုပ်ရှင် အစည်းအရုံးဆိုတာကလည်း လူ့အဖွဲ့အစည်း တစ်ခုပါပဲ။ မိမိအဖွဲ့အစည်းအတွင်းမှာလည်းရှိမယ်။ မိမိအဖွဲ့အစည်း ပြင်ပမှာလည်း ရှိမယ်။ ဒါတွေကိုလည်း ကျွန်တော်တို့က မျှတစွာနဲ့ပဲ ဖြေရှင်းပြီးတော့မှ ကျော်ဖြတ် နေကြပါတယ်"လို့ ပြောပြခဲ့ပါတယ်။

မျိုးမောင်
ဓာတ်ပုံ-အောင်ဇော်မင်း
















Page-II

## ရုပ်ရှင်ညီလာခံနဲ့ အနုပညာလောကသားတို့အသံ



### စိုးရန်အောင်

အလွှာပေါင်းစုံ ရှိတဲ့ထဲက တစ်လွှာချင်းစီကနေ ထင်မြင်ချက်တွေ၊ အကြံဉာဏ်တွေ၊ ဖြစ်စေချင်တဲ့ ဆန္ဒတွေ အားလုံးကိုစုပေါင်း ပြီးတော့ ကိုယ်စားလှယ်တွေက လိုချင်တဲ့ အချက်လေးတွေကို ပြောပြသွားတယ်ပေါ့နော်။ အချက်အလက်တွေကလည်း ကောင်းပါတယ်။ ခုလိုမျိုး ရုပ်ရှင်ညီလာခံ ကိုလည်း ကျွန်တော်တို့အနေနဲ့ ပထမဆုံးအနေနဲ့တက်ခွင့်ရတာပါ။ ဒီညီလာခံကနေပြီးတော့ ကိုယ့်လောကသားတွေရဲ့ အကောင်းဆုံးရှေ့ ဆက်ရမယ့် ခရီးတွေအတွက် အကောင်းဆုံးနည်းလမ်းတွေထွက်ပေါ်လာလိမ့်မယ်လို့လည်း ယုံကြည်ထားပါတယ်။

### ချမ်းမေမြတ်နိုး

ညီမတို့ အနုပညာအလုပ် စလုပ်ကတည်းက ဒီလိုပွဲမျိုးတစ်ခါမှမကြုံဖူးသေးဘူးပေါ့နော်။ ပြီးတော့ ဒီရုပ်ရှင်လောက ပြန်လည် ထူထောင်လာဖို့အတွက် အားလုံးဝိုင်းပြီးတော့ ဆွေးနွေးကြတဲ့ ပွဲလည်းဖြစ်တဲ့အတွက် ဝမ်းသာပြီးတော့ ဒီပွဲလေးကိုတက်ရောက်တာပါ။ ဒီပွဲလုပ်လိုက်တဲ့အတွက် ကောင်းတဲ့ အချက်တွေက ကိုယ့်စိတ်ထဲမှာဖြစ်နေတဲ့ ဆန္ဒတွေအကုန်လုံးကို အများသဘောတူပြီးတော့ အားလုံးရှေ့မှာ ထုတ်ဖော်ပြောပြတဲ့အတွက် တစ်ဦးတစ်ယောက်တည်း ဆန္ဒမဟုတ်ဘဲ အားလုံးသဘောတူချက်နဲ့ဆိုတော့ ရုပ်ရှင်လောက ပိုပြီးတော့ ကောင်းလာဖို့ရှိတယ်လာဖို့ပဲ မြင်မိပါတယ်။



www.free4readers.com



# မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး၏ နေ့စဉ်ဘဝနှင့် ဓမ္မအမြင်

မောင်သွေးချွန် ပေးပို့ပူဇော်သည်

## မင်းစိတ်မှန် မင်းဘိသိက်ခံပေတော့

မင်းမှာ သစ္စာ လူမှာ ကတိ ဆိုး ရိုးရှိ၏။
သို့ဆိုသော်...
သစ္စာရှိသော လူသား၏စိတ်သည် မင်းဘိသိက်ခံထိုက်သော
လူသားစင်စစ် ဇကန်ပင် ဖြစ်တော့သည်။
သစ္စာလေးပါး ရှိတရားကို မိမိကိုယ်တိုင်လျှင်
ကိုယ်ပိုင်ဉာဏ်တို့ဖြင့် ထိုးထွင်းသိမြင်သူကို သာဆိုစေရာ....

မင်းစိတ်မှန်ကား အပါယကျွန်၊ ကာမကျွန်၊ ဘဝကျွန်တို့မှ
အလွတ်အကျွတ်ဖြစ်သော သစ္စာရှိစိတ်ထားပင်တည်း။
မင်းဘိသိက်ခံကား ထိုအပါယ ကာမဘဝတို့၌
ကျင်လည်နေကြရပါကုန်သော သတ္တဝါအစားစား
လောကသားများ၏ အားထားရာ သစ္စာရှင်များပင်တည်း။

(၁၃၆၀ပြည့်၊ ကဆုန်လပြည့်နေ့၊ နတ်တလူတောရစခန်း)

ဘာသာစာရေး

# ကံကံ၏အကျိုးကို ယုံတယ် အဂ္ဂါမိုးဝင်း





ဇာတ်သဘင်နဲ့ ပတ်သက်ပြီး ဆန်းသစ် တီထွင်မှုတွေကို လုပ်ဆောင်လျက်ရှိနေတဲ့ သူကတော့ စံပြသဘင်က အဂ္ဂါမိုးဝင်းပဲ ဖြစ်ပါတယ်။ သူက အနုပညာနဲ့ ပတ်သက်လို့ အသစ်တွေ တင်ဆက်ဖျော်ဖြေချင်တဲ့ သူတစ်ဦးပါ။ ဒါ့အပြင် လူငယ်ဖြစ်နေပေမယ့်လည်း ဘာသာရေးနဲ့ ပတ်သက်လို့လည်း အမြဲမပြတ် လုပ်ဆောင်နေလေ့ ရှိတယ်လို့ သိရပါတယ်။ ဘာသာရေးနဲ့ ပတ်သက်လို့ သူဘာတွေ လုပ်ဖြစ်လဲ ဆိုတာက တော့. .

"ပဋ္ဌာန်းကတော့ နေ့စဉ် တစ်နေ့တစ်ခေါက်တော့ ရွတ်တယ်။ လွတ်တဲ့ နေ့တွေလည်း ရှိပါတယ်။ မိရိုးဖလာကြောင့် မဟုတ်ဘဲနဲ့ ကိုယ်ကိုယ်တိုင် သက်ဝင်ယုံကြည်လို့ လုပ်ဖြစ်တာပါ။ ဘာသာရေးနဲ့ ပတ်သက်လို့တော့ ကျွန်တော်တို့ အားလုံး သေသေချာချာ လေ့လာဖို့ လိုပါတယ်။ နို့မို့ဆိုရင် ဟိုလိုလို ဒီလိုလို ဆိုရင် မကောင်းဘူး လေ။ ပြီးတော့ ကျွန်တော်စမ်းပြီးပြီ။ တိုက်ဆိုင်မှုတွေကလည်း အများကြီးပဲ။ ဒါကြောင့်ကျွန်တော့် အနေနဲ့ တအားယုံကြည်တယ်။ ကံကံ၏အကျိုးကို လည်းယုံတယ်။ ဒါကြောင့် လည်း ဗုဒ္ဓဘာသာဖြစ် တာ"လို့ သူလုပ်ဖြစ်တာတွေကို အဂ္ဂါမိုးဝင်းက ပြောပြပါတယ်။

သူ့အနေနဲ့ တစ်နှစ်တစ်ခါတော့ ရဟန်းခံဖြစ်မှာ ဖြစ်ပြီး ရဟန်းခံပြီး နောက်ဖြစ်ပေါ်လာတဲ့ စိတ်က တအားအေးချမ်းပါကြောင်းလည်း သူကဆိုပါတယ်။

" တော်တော် အေးချမ်းတယ်ဗျာ။ အခုဆိုရင် အားလုံးသိတဲ့အတိုင်းပဲလေ။ ကမ္ဘာကြီးက ရှုပ်ထွေးပြီးတော့ အားလုံးက မွန်းကြပ်နေကြတာလေ။ အဲဒီတော့ ကိုယ့်စိတ်ကို ကိုယ်ဖြေတတ်မှ ရမယ်လေ။ ဒီခေတ်ကြီးမှာ အတိုက်အခိုက်တွေကလည်း များတယ်။ အနုပညာရှင် မဟုတ်ဘဲနဲ့ အပြင်လူတွေတောင် အတိုက်အခိုက်တွေများနေတာဆိုတော့ ကိုယ့်စိတ်ကိုယ်နေတတ်အောင် ထားတတ်မှ အေးချမ်းမှာပေါ့လေ။ ကိုယ့်စိတ်ကိုယ်ကိုယ်ထားတတ်မှ ဖြစ်မှာပါ " လို့ စိတ်အေးချမ်းအောင်

ဘယ်လို နေထိုင်လေ့ရှိလဲ ဆိုတာကို တော့ အဂ္ဂါမိုးဝင်းက ပြောပြခဲ့တာပဲ ဖြစ်ပါတယ်။ သူက သူ့ရဲ့ အားလပ်ချိန် တွေမှာတော့ ပန်းချီဆွဲလေ့ရှိသလို အကလေ့ ကျင့်လေ့ရှိတယ်လို့သိရပါတယ်။ သီချင်းတွေလည်း နားထောင်ပြီးဘယ်လို တင်ဆက်ရင်ကောင်းမလဲ ဆိုတာကို လည်းစဉ်းစားဖြစ်တယ်လို့ သူကပြောပြပါတယ်။

လင်းအကွာရာ



# ဒဏ်ရာရ စက်တပ် လင်းယုန်ကြီးကို မင်းကင်းသစ်တောဌာနတွင် ပြုစုကုသပေးလျက်ရှိ

မင်းကင်းသစ်တောဌာနတွင်ထိန်းသိမ်းထားသော ကျောတွင် စက်တပ်ထားသည့် လင်းယုန်ကြီးကို ဆေးကုသပေးလျက်ရှိရာ ဘယ်ဘက်ချိုစောင်းတွင် ဒဏ်ရာရထားပြီး ဘယ်ဘက်မျက်လုံး မဖွင့်နိုင်သေးသည့်အပြင် ဘယ်ဘက်တောင်ပံ ပထမအဆစ်တွင်လည်း ဒဏ်ရာရထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းထံမှ သိရသည်။

"မင်းကင်းဒေသမှာ ဒီဇင်ဘာလ ၆ ရက်နေ့က ဒေသခံတွေ ဖမ်းမိတဲ့ လင်းယုန်ကို မင်းကင်းမြို့နယ် သစ်တောဌာနမှာ ထိန်းသိမ်းထားပြီး ဆေးကုပေးနေတာပါ။ဆေးကု ပေးနေတဲ့ တိရစ္ဆာန်ဆရာဝန် ဒေါက်တာထွန်းထွန်းလင်း ပြောတာတော့ ဘယ်ဘက်ချိုစောင်းမှာ ဒဏ်ရာရ ထားတယ်။ ဦးနှောက်ကိုထိသွားလား၊ မထိသွားလားဆိုတာကို ပြောလို့မရ သေးပါဘူး။ ဘယ်ဘက်မျက်လုံးက လည်း မဖွင့်နိုင်သေးသလို၊ ဘယ်ဘက်တောင်ပံမှာလည်း ဒဏ်ရာရထားတယ် လို့သိရပါတယ်" ဟု ဦးခင်မောင်ဝင်းက ပြောပြသည်။

လင်းယုန်၏ အခြေအနေသည် တစ်ရက်ထက်တစ်ရက် ကောင်းလာ ပြီး ဘယ်ဘက်မျက်လုံး အနည်းငယ် ပြန်မြင်လာပြီဖြစ်ကာ ဦးခေါင်း ထိထား သော ဒဏ်ရာကို ၃ရက်၊ ၄ရက်ခန့် စောင့်ကြည့်သွားရန် လိုသေးကြောင်း သိရသည်။ လင်းယုန်ကျောကို တပ်ထားသော စက်ကိုစစ်ဆေးကြည့်ရာ သုတေသနပြုလုပ်ရန်တပ်ဆင်ထားသော စက်အမျိုးအစားဖြစ်ပြီး မွန်ဂိုလီးယား နိုင်ငံရှိ ဇီဝဗေဒတက္ကသိုလ်ငှက်ဘာသာဗေဒဓာတ်ခွဲခန်းဆိုင်ရာ တက္ကသိုလ် ကျောင်းသားများက လင်းယုန်၏ ပျံသန်းနိုင်နှုန်းနှင့် ရောက်ရှိနေရာတွင် သုတေသနပြုနိုင်ရန်တပ်ဆင်ထားခြင်းဖြစ်ကြောင်း ပြည်ထဲရေးဌာနက ထုတ်ပြန်ထားသည်။

လှိုင်ဝင်းကို

# စစ်ကိုင်းဒေသကြီး၊ မော်လိုက်မြို့တွင် ပြည်သူ့အခြေပြုဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးပွဲ

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့၊ ပြည်သူလူထုအခြေပြုဂျပန်ဦးနှောက် ရောင် ကာကွယ်ဆေးထိုးပွဲကို မြို့မ ၁ ရပ်ကွက်ရှိ ကလေးငယ်များအား မြို့မကျောင်းတိုက်မွှောရုံ၌ ဒီဇင်ဘာ ၁၀ ရက်နေ့နံနက် ၉ နာရီ ၃၀မိနစ်က စတင်ထိုးပေးခဲ့ပြီး ၁၂ ရက်နေ့တွင် စွယ်တော်ရပ် ၁၃ရက်နေ့တွင် သရက်ကုန်းရပ်၊ ၁၄ရက်နေ့ ကဆားတွင်းရပ်၊ ၁၅ရက်နေ့က ရွှေပြည်သာရပ်စသည့်ရပ်ကွက် အသီးသီးမှ ကလေးငယ်များကို ဆက်လက်ထိုးပေးခဲ့ကြကြောင်း သိရှိရသည်။

တင်ထွန်းလှိုင်



ပခုက္ကူမြို့ ယခင်(BTR) ယခု အ ထ က (၁)၊ ကျောင်းသား/ကျောင်းသူဟောင်းများ၏

# (၂၉) ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

ပခုက္ကူမြို့၊ အ. ထ. က(၁) ကျောင်းတော်ကြီး၏ သက်ပြည့်အ ငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအားပူဇော်ကန်တော့မည့်အာစရိယပူဇော်ပွဲ ယခု၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် အ. ထ. က(၁) အားကစားရုံးခန်းမ၌ ၂၉ ကြိမ်မြောက် ပူဇော် ကန်တော့ပန်း ဆင်နွှဲကြမည်ဖြစ် ပါသည်။ အာစရိယပူဇော်ပွဲတွင်လည်း မိမိတို့ဆရာကြီး၊ ဆရာမကြီးများ၏ ဘဝနေညိုချိန်တွင် အလှုပိုနေသည့်ဇရာသွေးကို ခဏလေးအချိန်ပေးပြီး လာရောက်တွေ့ဆုံကာ မိမိတို့ ကျောင်းတော်ကြီး၏ အေးမြသည့် အရိပ်အောက်တွင် ခိုလှုံအပန်းဖြေဖို့ ခင်မင်စွာဖြင့်ဖိတ်ခေါ်အပ်ပါသည်။ ငွေကြေး ဝတ္ထုလှူဒါန်းမှုသည် ပူဇော်ခြင်းဖြစ်ပေသည်။ ကိုယ်တိုင်ကြွရောက်ပြီး လက်ဆယ်ဖြာထိပ်မှာမိုး ကန်တော့ချီးဖြင့်ကန်တော့လျှင် ပိုမိုပြီးမွန်မြတ်လှပေသည်။ ထို့ကြောင့် ဆရာကြီး၊ ဆရာမကြီးများအားပူဇော်ခြင်း၊ ကန်တော့ ခြင်းဆိုသည့် ကောင်းမြတ်သည့် မင်္ဂလာနှစ်ရပ်ဖြင့်ပါဝင်ဆင်နွှဲနိုင်ကြပါရန်နှင့် ကျောင်းအရိပ် နှောင်းအတိတ်ကို ပြန်လည်လွမ်းဆွတ်သတိရကြ၍ မိမိငယ်ဆွေသူငယ်ချင်းများနှင့် ပြန်လည်တွေ့ဆုံပြီး ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ၏ ပြုံးရွှင်လန်းဆန်းသည့် ပီတိ၊ ကန်တော့ကြသော ကျောင်း သား၊ ကျောင်းသူဟောင်းများ၏ ရင်မှဖြစ်ပေါ်လာသော၊ ပြန်ပြော၍မရနိုင်သော ပီတိများခံစားနိုင်ရန်အာစရိယ ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီမှ ဖိတ်ခေါ်ထားပါသည်။

# ပခုက္ကူ book club အဖွဲ့မှ စကားရည်လုပွဲကြီး ပြုလုပ်သွားမည်



ပခုက္ကူ bookclub အဖွဲ့က စီစဉ်ကာ ကမကထလုပ်ကျင်းပမည့် လာမည့်ပြာသိုလပြည့်နေ့ ၌ တိုင်းပြည်တည်ထောင်ရာ၌ ပညာရေးသည် စီးပွားရေးထက် အဓိကကျသည်"ဟူသော ခေါင်းစီးဖြင့် စကားရည်လုပွဲကြီး ကျင်းပပြုလုပ်သွားမည်ဟုသိရသည်။ပညာရေးဘက်မှ ဦးသန်းထွန်း (မူအုပ်/ငြိမ်း)၊ မြိုင်မြို့နယ်၊ ဦးတိုင်းအေး (အရာတော်ရေနံမြေ/အထပြ-စာရေးဆရာ)၊ ဒေါ်နိုင်နိုင်မော် (ဘုန်းတော်ကြီးသင် ပညာရေး ကျောင်း/ မြောက်လူးကန်-အလပြ)၊ စီးပွားရေးဘက်မှ ဦးသက်ကြူ (စိန်စန်း)၊ ဦးဝဏ္ဏထွန်း (ပခုက္ကူပညာရေး ကောလိပ်) နဲ့.သာမြေမောင်ပြေသင်း (ရေစကြို/စာရေးဆရာ)တို့.ကယှဉ်ပြိုင်ပြောဆိုကြမည်ဖြစ်ကြောင်း သိရသည်။

ဆုကြေးအဖြစ် အနိုင်ရရှိသည့် အဖွဲ့.ကို ၃သိန်း ကျန်အဖွဲ့.ကို ၂သိန်းပေးအပ်ချီးမြှင့်သွားမည်ဟု အဖွဲ့.ဝင်တစ်ဦးကပြောသည်၊ ပွဲအခမ်းအနားကိုပခုက္ကူမြို့၊ အ. လ. က ၃၊ သီတာခန်းမ၌ ဇန်နဝါရီလ ၁ရက် နေ့၊ နံနက် ၉ နာရီအချိန်တွင်ကျင်းပသွားမည်ဟုသိရသည်။

မောင်နန်းဝေ

www.free4readers.com



# နှစ်တိုင်း Birthday Show လုပ်ချင်တယ်ဆိုသူ

# ဝိုင်းစုခိုင်သိန်း



ဝိုင်းစုခိုင်သိန်းက 'ဂါ' အခွေမှာ တေးသီချင်း ၁၃ပုဒ်ခန့် ပါရှိပေမယ့် Music Video ကိုတော့ ၈ပုဒ်ပဲ ရိုက်ကူး ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ အဆိုတော်တွေ အနေနဲ့ အခုနောက်ပိုင်းမှာ ပေါက်တဲ့ သီချင်းတွေကိုသာ Music Video ရိုက်ကူးတာများလာပေမယ့် သူ့အနေနဲ့ သီချင်း ၈ပုဒ်ကိုပဲ ရိုက်ကူးဖြစ်ခဲ့ပြီး အကောင်းဆုံးကြိုးစားထားတာဖြစ်လို့မှတ်တတ်နိုင်တဲ့သူတွေအနေနဲ့ မူရင်းအခွေသာ ဝယ်ယူအားပေးကြစေလိုကြောင်း ဝိုင်းစုခိုင်သိန်းက ပြောပါတယ်။

'ဂါ'အခွေထဲက သီချင်း ၈ပုဒ်ပဲ Music Video ရိုက်ကူးဖြစ်တယ်။ ဝိုင်းစုက 'မက်လောက်စရာ' စရိုက်ကူးကတည်းက သရုပ်ဆောင်ဘက်ကနေလာတာဖြစ်တော့အရုပ်ကိုရှူးသွပ်တယ်။ နိုင်ငံခြား MTV တွေကြည့်ပြီး ကိုယ်လည်း ရိုက်ကူးချင်တယ်။ အဲဒီလောက် မရိုက်ကူးနိုင်ပေမယ့် ကိုယ့်အတိုင်းအတာနဲ့ကိုယ် အကောင်းဆုံး ကြိုးစားပြီး ရိုက်ကူးချင်တယ်။ ဟိုးအရင် မက်လောက်စရာဆို ဘယ်သူမှ သိပ်မရိုက်ကူးသေးခင် ခေတ်ကတည်းက တစ်ပုဒ် ကို ငွေကျပ် ၃၊ ၄ သိန်းကုန်ကျခံ ရိုက်နေရတဲ့ ခေတ်က ဝိုင်းစု စရိုက်ကူးတာငွေကျပ် ၁၅သိန်းကုန်ကျတယ်။ Title သီချင်းပဲ ရှိသေးတယ်။'မျက်လှည့်'ကျတော့ အဲဒီထက် ၂ဆကျော်တက်သွားတယ်။ 'အာဘွား'ကျတော့ မျက်လှည့်ရဲ့ နှစ်ဆကျော်တက်သွားတယ်။ အခု ဝိုင်းစုက 'မယ်သီတာ'က ခြောက်ခွေဖြစ်သွားပြီဆိုတော့ တက်တဲ့စရိတ်က တော်တော်များသွားပြီ။ အရင်တုန်းကဆိုရင် ဝိုင်းစုတို့ အခွေရောင်းရသေးတယ်။ ဘာပဲဖြစ်ဖြစ် နည်းနည်းခံသာသေးတယ်။ အရင်တုန်းကဆိုရင်လည်း ကော်ပီတွေ ရှိပေမယ့် ကော်ပီရောင်းတဲ့ ဆိုင်ကို သွားဝယ်ရ တာ နည်းနည်း ခက်သေးတယ်။ အခုကျတော့ Download Link က ဖေ့စ်ဘုတ်ခ်ပေါ် တက်လိုက်တာနဲ့ ဒေါင်းလို့ရပြီ။ အဲဒီလိုဆိုတော့ပိုဆိုးသွားတယ်။ဘယ်အနုပညာရှင် မဆိုအားစိုက်ထုတ်ပြီး လုပ်ထားတယ်။ အကုန် လုံးကနိုင်ငံခြားကလိုပဲပေါက်တဲ့သီချင်းလောက်ပဲ ရိုက်ကူးကြတော့တယ်။အဲဒီအပေါ်မှာတော့ ဝိုင်းစုက ဇွဲမလျှော့သေးဘူး။ ၈ပုဒ် လောက်တော့ ရိုက်လိုက်သေးတယ်" လို့ ဝိုင်းစုခိုင်သိန်းကပြောပါတယ်။

'ဂါ' Music Video ကို ဒီဇင်ဘာလ ၁၆ရက်နေ့က လှည်းတန်း စင်တာမှာ Promotion ပွဲပြုလုပ်ခဲ့ပြီး Birthday Show လက်မှတ်တွေကို ကံစမ်းမဲဖောက်ပေးသွားမှာ ဖြစ်ကြောင်း သိရပါတယ်။

ဝိုင်းစုခိုင်သိန်း က ဒီဇင်ဘာလ ၂၄ရက်နေ့မှာ ပြုလုပ်မယ့် Birthday Show ပွဲကိုလည်း အကောင်းဆုံး ကြိုးစားသွားမှာ ဖြစ်ကြောင်းကို. . .

"Birthday Show မှာဆိုရင် ထူးထူးခြားခြား Theme တွေခွဲထားတယ်။ မပျင်းရအောင် လုပ်ထားတယ်။ ဝိုင်းစုပွဲကိုလာပြီးကျေနပ်သွားတယ် ဆိုရင် ကျေနပ်ပါပြီ။ ဝိုင်းစု လုပ်ချင်တာတော့ ဝိုင်းစုမွေးနေ့မှာပဲ ရှိုးပွဲလုပ်ချင်တယ်။ နှစ်တိုင်း Birthday Show လုပ်ချင်တယ်။ ဒီနှစ်ကတော့ စမ်းသပ်ပြီး လုပ်ရမှာပေါ့" လို့ ဝိုင်းစုခိုင်သိန်းက ပြောပါတယ်။

*နိုင်ဝေလွင်*
*ဓာတ်ပုံ- ဝင်းမင်းထွန်း*




www.free4readers.com




# ချစ်သူသက်တမ်းတစ်နှစ်ပြည့်တော့မယ့် ခြေမြိမ်းဖြူ ပြောတဲ့ သူ့ချစ်သူအကြောင်း

ဒါရိုက်တာပိုင်းနဲ့ ရုပ်ရှင်ဇာတ်ကားရိုက်ကူးဖို့အတွက် သရုပ်ဆောင် ခြေမြိမ်းဖြူက ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှာ အကသင်တန်း သွားရောက်တက်နေပြီဖြစ်ပါတယ်။ ကိုယ်တိုင်လည်း အကနဲ့ ပတ်သက်လို့ ဝါသနာပါတဲ့ ခြေမြိမ်းဖြူအနေနဲ့ သူမ ကိုယ်တိုင် ပါဝင်သရုပ်ဆောင် ရိုက်ကူးမယ့် အက ရုပ်ရှင်ဇာတ်ကားကြီးအကြောင်းကိုလည်း အခုလို . . .

"အဲဒီဇာတ်ကားထဲမှာ အကမျိုးစုံတော့ ပါမယ်ရှင့်။ ဘယ်လိုမျိုးလဲတော့ သေသေချာချာ ကိုဗိုင်းနဲ့မပြောရသေးဘူး။ ဒါပေမဲ့ အဓိက ကတော့ အနောက်တိုင်း အကပေါ့နော်။ အဲဒီလိုကတော့ ဖြစ်ဖို့များပါတယ်။ ရိုက်ကူးဖို့ကတော့ Comfirm ဖြစ်ပါတယ်။ နောက်ထပ် ၂လ၊ ၃လလောက်နေရင်၊ ၂၀၁၈ခုနှစ်ထဲမှာ ရိုက်ကူးမှာပါရှင့်။ အဓိကကတော့ Laurel Art က အနုပညာမောင်နှမတွေပါမယ်။ မင်းသားကတော့ ဘယ်သူလဲဆိုတာ အခုထိမဆုံးဖြတ်ရသေးဘူး။ ပြီးတော့ ဒါဟာအက ဇာတ်ကားဖြစ်တဲ့အတွက် တအားတော့ ရင်ခုန် နေပါတယ်။ ဒီလိုမျိုးဇာတ်ကားက မရှိသေးဘူးလေ။ ပရိသတ်တွေ လက်မခံမှာလည်းစိုးတယ်။ အဲဒီလိုမျိုးတော့ စိုးရိမ်စိတ်ကလေး ဖြစ်မိပါတယ်" လို့ ခြေမြိမ်းဖြူထံမှ သိရပါတယ်။ ဖေ့စ်ဘုတ်ခ်မှာ တင်လေ့ရှိတဲ့ ခြေမြိမ်းဖြူရဲ့ အကဗီဒီယိုဖိုင်တွေ နောက်ပိုင်း သိပ်မြင်မတွေ့ရတော့ဘူးနော်လို့ဆိုတော့. . .

"တင်ဖို့ရှိပါတယ်ရှင့်။ ညီမ ဒီလကုန်၊ ဇန်နဝါရီလ လယ်လောက်မှာ တင်ဖို့ရှိပါတယ်။ ပရိသတ်တွေလည်း ညီမ မကတာကြာပြီဆိုတော့လေ။ အဓိကက ညီမက အကဇာတ်ကားကြီး ရိုက်မှာဖြစ်တဲ့အတွက် ခဏ၊ ခဏ ဖေ့စ်ဘုတ်ခ်မှာ တင်နေရင် ရိုးသွားမှာစိုးလို့ပါ။ အဲဒါလည်း ပါပါတယ်" လို့ သူမကပြောပါတယ်။

ခြေမြိမ်းဖြူ ကိုတွေ့ရင် မမေးမဖြစ်မေးရတဲ့ မေးခွန်းတစ်ခုလည်း ရှိပါသေးတယ်။ အဲဒါကတော့ သူမရဲ့ အချစ်ရေးပါ။ ချစ်သူအဆိုတော်နဲ့ ချစ်သူသက်တမ်း တစ်နှစ်ပြည့်တော့မှာဖြစ်လို့ အဆင်ပြေပါတယ်လို့ဆိုတဲ့ ခြေမြိမ်းဖြူကို အလုပ်တွေ ရှုပ် နေတဲ့ အနုပညာရှင် ၂ ယောက် ဆိုတော့ ဘယ်အချိန်တွေမှ တွေ့ဖြစ်လဲ၊ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုတွေ အကြံဉာဏ်ပေးဖြစ်သလဲဆိုတာတွေကို မေးဖြစ်တော့. . .

"သူလည်းအခု အခွေအယ်ဘမ်ထွက်တော့မယ်။ ညီမလည်း အခု ရုပ်ရှင်ရိုက်ကူးစရာတွေ၊ ပြင်ဆင်စရာတွေ ပြင်ဆင်ရတော့ မယ်ဆိုတော့ သိပ်မတွေ့ဖြစ်ဘူး။ ညီမနဲ့ သူနဲ့ကတော့ အားရင်အားသလို တွေ့ဖြစ်ပါတယ်။ အမြဲတမ်းမုန့်သွားစားတာတို့လုပ်ဖြစ်ပါတယ်။ သူက ညီမကို အကြံပေးတာထက် ညီမက သူ့ကို အကြံ ပေးတာများတယ်။ ညီမက ဖက်ရှင်ပိုင်းနဲ့ ပတ်သက်ပြီး ပိုပြီးလေ့လာဖြစ်တဲ့အခါကျတော့ သူကမေးတယ်။ ဖက်ရှင်နဲ့ ပတ်သက်ပြီးဘယ်လိုလေးလုပ်လိုက်ရင် ကောင်းမယ် စသဖြင့်ပေါ့။ အဲဒီလိုမျိုးလေးတွေ အကြံပေးဖြစ်ပါတယ်" လို့ ခြေမြိမ်းဖြူက ပြောပြခဲ့ပါတယ်။



မိုးခေတ်၊ ဓာတ်ပုံ-အောင်ခေတ်မင်း

www.free4readers.com



— ယခင်တစ်ပတ်မှအဆက် —

# သတင်းစာ ဂျာနယ် မဂ္ဂဇင်းတွေ ဘာကြောင့် ရပ်နားသွားရတာလဲ

ညိုသစ်ငယ်

**စာအုပ်အငှားဆိုင်ကဖတ်သူနည်းတဲ့မဂ္ဂဇင်းတွေမတင်တော့ဘူး။ ဒီလိုနဲ့စာအုပ်ဆိုင်တွေဟာတောင့်မခံနိုင်တော့ဘဲ ဘောလုံးဂျာနယ် ဦးစားပေးရောင်းတဲ့ဂျာနယ်အရောင်းဆိုင်ဘဝပြောင်းသွားကုန်ကြတယ်။ online ပေါ်အချိန်ကုန်တာရယ်၊ငှားဖတ်စရာမဂ္ဂဇင်းတင်တဲ့ဆိုင် ရှားပါးပျောက်ကွယ်တာရယ်၊နောက်မျိုးဆက်တွေ စာဖတ်ဆက်ပြတ်ကုန်တာရယ်။ စာကြည့်တိုက်ရှိပြီးလည်းဖတ်မှုမရှိတာရယ်၊ တိုင်းပြည်ချို့တဲ့ဆင်းရဲတာရယ်၊ကိုယ်ပိုင်ဝယ်ဖတ်ချင်တောင်ခေါင်ခိုက်နေတဲ့ စာအုပ်ဈေးနှုန်းတွေရယ်၊ကဗျာစာအုပ်ဆိုရင်ဝယ်မဖတ်ချင်ကြတဲ့ ကဗျာချစ်ချင်ယောင်ဆောင်သူများရယ်ကြောင့်လို့...**

**Peace Trust**

ထုတ်ဝေသူက သူမျှော်မှန်း သလောက်သာ ထုတ်တာကို တွေ့နေရပါတယ်။ ခုက ရောင်းအားတိုးဖို့ ကြိုးစားတာထက် လက်ရှိရောင်းအားကို လိုက်ထိန်းနေရတဲ့အနေထားဖြစ်နေတယ်လို့ မြင်မိတယ်။ တချို့ အချက်အလက်တွေလည်း ရှိပါသေးတယ်. . .။

၂။ စာဖတ်သူတွေဘက်ကကြည့်ရင် ပထမက ဈေးနှုန်းပါ။ မြို့ပေါ်လူတန်းစားက ၅၀၀ ကျပ်၊ ၂၀၀ ကျပ်ဆိုတာ ဝယ်ယူဖတ်ရှုနိုင်ပေမယ့် နယ်ဒေသတွေက မဖတ်နိုင်ဘူး။ နေ့စဉ်သတင်းစာစောင်တွေက များတော့ ၅ စောင် ဝယ်ဖို့ဆိုရင် ၁၀၀၀ ကျပ်ဖိုးလောက်ကုန်မယ်။ တခြားအချက်တွေလည်း ရှိပါသေးတယ်။ သုတေသနစစ်တမ်း တစ်ခုလောက် ကောက်ယူကြည့်ရင်တော့ နိုးစပ်နိုင်ပါတယ်။

**လဝန်းချိုချို (YU)**

Online Media ကြောင့်ဆိုတာတော့ တစ်စိတ်တစ်ပိုင်း သက်ရောက်မှုရှိတာပေါ့ဆရာ။ ဒါပေမဲ့ အညိုတက်နေတဲ့ အလွတ်ကျက်ပညာရေး၊ကျောင်းစာကြည့်တိုက်ဆိုတာ ဖုန်သုတ် သန့်ရှင်းရေးလုပ်ရုံသာထားတဲ့ ပညာရေး၊ မြင့်မြတ်တဲ့စာပေကို အသေသတ်ပြီး မျက်စိပိတ်နားပိတ်စေတဲ့ ပညာရေးစနစ်မှာ လူဖြစ်ခဲ့ရတာက အဓိကလို့ ထင်မြင်ယူဆမိတယ်။ နိုင်ငံ့မျက်စိ နိုင်ငံ့နားတွေပိတ်ကုန်တာဟာ ဘာနဲ့မှ အစားထိုးမရတဲ့ ဆုံးရှုံးမှုပါ။ Social Media ထွန်းကားတဲ့ နိုင်ငံတွေမှာ စာအုပ်တွေက ရောင်းအားကောင်းပြီးရင်းကောင်းရင်းပါပဲ။ အခြေခံပညာရေးကို ပြုပြင်ပြောင်းလဲနိုင်မှ မြန်မာစာပေဆက်လက်ရှင်နိုင်မယ်လို့ကျွန်မ ယူဆမိပါတယ်ဆရာ။

**ရဲမင်းထွဋ်**

ဒီလို သတင်းစာတွေ၊ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ ရပ်နားသွားခြင်းဟာဆိုရင် နိုင်ငံအတွက် ကြီးမားတဲ့ ဆုံးရှုံးမှုတစ်ခုလည်း ဖြစ်ပါတယ်ဆိုတာ လူတိုင်းအားလုံး သိသင့်ပါတယ်။ ဒါကြောင့်စာပေချစ်စိတ်များနဲ့ ကိုယ်တတ်နိုင်သလောက် (ဝယ်ယူဖတ်ရှုတာမျိုးပဲဖြစ်ဖြစ်/စာကြည့်တိုက်တွေလှူတာမျိုးပဲဖြစ်ဖြစ်)ထမ်းဆောင်ကြမယ်ဆိုရင် ဒီလိုမျိုး ရပ်နားမှုမျိုးတွေ မရှိနိုင်ပါဘူး။

စာရေးနေသူ အချို့ကလည်း ဂျာနယ်ဆိုင်ကိုဝင်တာနဲ့ ဟိုလှန်ကြည့် ဒီလှန်ကြည့်လုပ်ပြီး ကိုယ်ရေးသားတာပါဝင်တဲ့ သတင်းစာ၊ ဂျာနယ်ကိုသာ ဝယ်ယူလေ့ရှိပြီး အခြားသတင်းစာများကို ဝယ်ယူဖတ်ရှုလေ့မရှိတာကို တွေ့ရပါတယ်။ စိတ်မကောင်းစရာပါ။(မကောင်းမြင်ခြင်းမဟုတ်ပါ)

အစိုးရဘက်ကနေလည်း တတ်နိုင်တဲ့ဘက်က စာပေအပေါ် အလေးထားဆောင်ရွက်ဖို့လိုလိမ့်မယ် ထင်ပါတယ်ဆရာ။ တိုင်းပြည်ကြီး ဆင်းရဲတာလည်း ပါပါတယ်ဆရာ။ စာဖတ်အား မြင့်တင်ရေးဘယ်လိုဆောင်ရွက်သင့်လဲ။ ရေရှည်တည်တံ့ဖို့ ဘယ်လိုဆောင်ရွက်သင့်လဲဆိုတာ ဆရာတို့က ပိုသိပါတယ်ဆရာ။ ဒီလို ရပ်နားတော့မယ့် သတင်းကြားရင် စိတ်မကောင်းဖြစ်မိတာတော့ အမှန်ပါပဲဆရာ။

**Po Po**

ဖုန်းပေါ်လာတော့ စာရွက်ကိုင် စာမဖတ်ချင်ကြတော့ဘူး။ သတင်းတွေက facebookမှာ မြန်မြန်တက်ပြီး သတင်းစာတွေက နောက်ကျမှပါတာမျိုး။ ကျွန်တော်မြင်တာ ပြောပြတာပါ။ ဖုန်းပေါ်လာသမျှ စာအုပ်၊ သတင်းစာဝယ်ဖတ်တာ နည်းသွားမှာပဲ။ ခေတ်တုံးတယ်ပြောရင် လက်ခံရမှာပဲ။ ကျွန်တော်ကတော့ စာအုပ်ကိုင် စာဖတ်ရတဲ့ အနှစ်သာရကို ပိုကြိုက်တဲ့လူတစ်ယောက်ပါ။

**Zaw W Than**

online ကြောင့်ဆိုရင် အနည်းငယ်မျှသောအနည်းငယ်ပါ။ လူငယ်တွေ အားလုံး online သုံးစွဲကြပါတယ်။ Online ပေါ်ကနေ စာမဖတ်ပါ။ သူတို့အချင်းချင်း တိုးကြဝှေ့ကြ တိုက်ကြခိုက်ကြ၊ ရှာကြဖွေကြ အဆင့်ပါ။ မယုံရင် research လုပ်ကြည့်ပါ။ စာဖတ်ရကောင်းမှန်း မသိတော့တာ မြန်မာ့ပညာရေးစနစ်နဲ့ ခေတ်ဆိုးခေတ်ကြပ်ရဲ့ သားကောင်များအဖြစ် ရောက်ရှိသွားရတဲ့ အကြောင်းရင်းပါ။

မိဘတွေ သူတို့သားသမီးတွေကို ဘာလို့စာဖတ်မသင်ကြသလဲ။ အဲ့ဒီမိဘတွေ စားဝတ်နေရေး နွံအတွင်းက ရုန်းမထွက်နိုင်တော့ သားသမီးတွေကို နီတိကျင့်ဝတ်တွေ၊ စာဖတ်ခိုင်းဖို့တွေဟာ အလိုလို ပျောက်သွားရတယ်။ တိုင်းပြည် မျက်လုံးနဲ့ ဦးနှောက်တွေ သေကုန်တာပေါ့။ အဲ့ဒီလိုဖြစ်အောင် အသေအချာအကွက်ကျကျများ လုပ်ခဲ့လေရော့သလား။ အာဏာရှင် လက်အောက်မှာ ပိပိပြားပြားနေခဲ့ရတဲ့ပြည်သူတွေဟာ ဒီလိုဖြစ်တတ်ကြတာချည်းပါပဲ။

**Kyi Zaw Lin**

ကျွန်တော်မြင်တာကတော့ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေကို စတင်ထုတ်ဝေဖို့ ကြိုးစားကတည်းက Planning အပိုင်း အားနည်းခဲ့လို့ ထင်ပါတယ်။ စာပေချစ်စိတ်တစ်ခုတည်းနဲ့ လုံးပန်းလိုက်ကြတယ်၊ တကယ်လို့ မအောင်မြင်သေးရင် (အောင်မြင်မှုကို ဆက်လက်ထိန်းသိမ်းဖို့) ဘယ်နည်းနဲ့ ဆက်သွားမယ်ဆိုတဲ့ Alternative ways တွေကို ထည့်သွင်းမစဉ်းစားခဲ့ဘူး ထင်ပါတယ်။ ပြီးတော့ (အချင်းချင်း)အပြိုင်သဘောပဲဖြစ်ပြီး ပူးတွဲဆောင်ရွက်မှု၊ အပြုသဘော ဝေဖန်ထောက်ပြမှု၊ ဖေးမကူညီမှု အားနည်းမယ်လို့ ယူဆချင်ပါတယ်။ အဲဒါကြောင့် ကျွန်တော့်စာကြည့်တိုက် ကဗျာတစ်ပုဒ်မှာ အဲဒီခံစားချက်လေး ရေးခဲ့ဖူးပါတယ်။ ကိုယ်ပိုင် အမြင်လေးပါ။

**Mal Saw**

Online မသုံးစွဲတတ်ခင်က စာအုပ်အငှားဆိုင်ကို နေ့တိုင်းရောက်တယ်။ အနည်းဆုံးမဂ္ဂဇင်းတစ်အုပ် အများဆုံး သုံးအုပ်ငှားဖြစ်တယ်။ ငှားခလည်းဈေးမများသေးတဲ့အချိန်ဆိုတော့ မဖတ်ဖြစ်တဲ့နေ့မရှိဘူး။ ဂျာနယ်တွေပေါ်လာတော့ ပေါ်ပြူလာဂျာနယ်၊ အလင်းတန်းဂျာနယ်၊ နန်းမြင့်ဂျာနယ်၊ ရွှေမန္တလေးဂျာနယ် လေးစောင် အပတ်စဉ် လေးနှစ်လောက်ယူဖူးတယ်။ မဂ္ဂဇင်းငှားဖတ်နှုန်းလည်းမကျသေးဘူး။ စာအုပ်တွေဈေးကြီးလာတယ်။ ဂျာနယ်တွေထွက်လာတာများတယ်။ သူရိယနေဝန်း အပတ်စဉ်ယူဖတ်ပြန်တယ်။

တဖြည်းဖြည်း ဈေးတွေတက်တက်လာတော့ မယူနိုင်တော့ဘူး။ မဂ္ဂဇင်းဈေး ခေါင်ခိုက်လာတော့ ငှားခကဝယ်ဈေး အရင်းပြန်မရတဲ့အခါ စာအုပ်အငှားဆိုင်က ဖတ်သူနည်းတဲ့ မဂ္ဂဇင်းတွေမတင်တော့ဘူး။ ဒီလိုနဲ့ စာအုပ်ဆိုင်တွေဟာတောင့်မခံနိုင်တော့ဘဲ ဘောလုံးဂျာနယ် ဦးစားပေးရောင်းတဲ့ ဂျာနယ်အရောင်းဆိုင်ဘဝ ပြောင်းသွားကုန်ကြတယ်။

online ပေါ်အချိန်ကုန်တာရယ်၊ ငှားဖတ်စရာမဂ္ဂဇင်းတင်တဲ့ဆိုင်ရှားပါးပျောက်ကွယ်တာရယ်၊ နောက်မျိုးဆက်တွေ စာဖတ်ဆက်ပြတ်ကုန်တာရယ်။ စာကြည့်တိုက်ရှိပြီးလည်း ဖတ်မှုမရှိတာရယ်၊ တိုင်းပြည်ချို့တဲ့ဆင်းရဲတာရယ်၊ ကိုယ်ပိုင်ဝယ်ဖတ်ချင်တောင် ခေါင်ခိုက်နေတဲ့စာအုပ်ဈေးနှုန်းတွေရယ်၊ ကဗျာစာအုပ်ဆိုရင် ဝယ်မဖတ်ချင်ကြတဲ့ ကဗျာချစ်ချင်ယောင်ဆောင်သူများရယ်ကြောင့် (အခြားအကြောင်းအရာများလည်းရှိနိုင်ပါသေးတယ်)လို့ထင်မြင်မိပါတယ်ဆရာ။

*ဆက်လက်ဖော်ပြပါမည်။*

*ညိုသစ်ငယ်*

# ကောင်းမှုလုံ၊ နတ်မတောင်၊ စစ်တွေမြို့နယ်၊ ကျွန်းရွာများ သာသနာပြုခရီးစဉ်သို့ လိုက်ပါနိုင်

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ်၊ ဘာဝနာဌာန၊ ဖြဟ္မစိုရ်ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟ သဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော နယ်စပ်၊ တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်က ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်များသို့ သာသနာပြုခရီးစဉ်များသွားရောက်မှာ ဖြစ်ပါတယ်။

အသင်းချုပ်ဥက္ကဋ္ဌ ဦးလှဝင်းက "ကျွန်တော်တို့အသင်းကြီး တည်ထောင်တဲ့ အချိန်ကနေစပြီး ဒီနေ့အချိန်အထိ ၁၄ နှစ်ကာလမှာ သာသနာပြုခရီး ၄၂ ကြိမ် သွားရောက်ခဲ့ပြီးပြီ။ အခုသွားရောက်မယ့် ခရီးစဉ်တွေက ၄၃၊ ၄၄၊ ၄၅ အကြိမ်တွေပေါ့နော်။ ဒီသာသနာပြု ခရီးတွေဟာလည်းပဲ နှစ်စဉ်အလှည့်ကျသွားရောက်တဲ့အတွက် တစ်တိုင်းနဲ့တစ်တိုင်း ပြန်ရောက်တာ ပျမ်းမျှအားဖြင့် ၄ နှစ်နဲ့ ၅ နှစ်မှ တစ်ကြိမ်ပြန်ရောက်တာပါ။ တစ်နှစ်တာအတွင်း သာသနာပြုဌာနတွေက တင်ပြတဲ့အပေါ် ရယ်၊ ဒီဒေ သကို မရောက်တာကြာပြီ။ ဒီဒေသကို သွားခြင်းအားဖြင့် အကျိုးလည်းများမယ်။ ဘုရားဖူးလိုက်ပါမယ့်သူတွေအတွက်လည်း ဒေသအသစ်ကို ရောက်ဖူးနိုင်တယ်ဆိုတော့မှ သွားတဲ့သဘောပါ" လို့ဆိုပါတယ်။

သွားရောက်ဖို့စီစဉ်ထားတဲ့ ခရီး စဉ်တွေကတော့ ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ လုံးစွပ်နဲ့ နောင်မွန် သိမ်ကျောင်းများ ရေစက်ချပွဲက ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ကနေ ၈ ရက်နေ့အထိ ဖြစ်ပါတယ်။ ခရီးစဉ်အတွင်းမှာ 'အောက်-ရွှေတိဂုံ၊ အထက် - ကောင်းမှု လုံ' ဆိုရိုးအတိုင်းကောင်းမှုလုံဘုရားကို ဖူးမြော်ကြည်ညိုမယ်။ မြန်မာနိုင်ငံရဲ့ သဘာဝ အလှတွေထဲကနေ ရေခဲတောင်ရှုခင်းကို လေ့လာနိုင်မှာပါ။ ဒသမအကြိမ်မြောက် စုပေါင်းဘုံမဟာ ကထိန်တော်အောင်ပွဲကို ချင်းပြည်နယ်(တောင်ပိုင်း)၊ မင်းတပ်မြို့၊ ထေရဝါဒဗုဒ္ဓဘာသာ သာသနာပြုဗဟိုကျောင်းမှာ ကျင်းပပါမယ်။ ကထိန်ခရီးစဉ်က ၂၀၁၈ခုနှစ်၊ မတ်လ ၃ ရက်မှ ၆ ရက် အထိဖြစ်ပြီး အရှေ့တောင်အာရှရဲ့ အမြင့်ဆုံးမြေ သားတောင် ပေတစ်သောင်း ကျော်မြင့်တဲ့ နတ်မတောင်ကို တက်ရောက်လေ့လာမှာပါ။

ဒသမအကြိမ်မြောက် စုပေါင်း ရဟန်းခံရှင်ပြု၊ သီလရှင်ဝတ်ပွဲ၊ အလှူတော်မင်္ဂလာကို ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ တိမ်ညို ထေရဝါဒ ဗုဒ္ဓဘာသာသာသနာပြုကျောင်းမှာ ကျင်းပပါမယ်။ ၂၀၁၈ ခုနှစ်၊ မတ်လ ၂၁ ရက်မှ ၂၈ ရက်နေ့အထိ ခရီးစဉ်မှာ မြောက်ဦးမြို့ ဘုရားစုံ၊ ကျောက်တော်မြို့မဟာမုနိဘုရား၊ ရွှေစက်တော်တို့သို့ ဖူးမြော်ကြည်ညိုမယ့်အပြင် စစ်တွေပင်လယ်ပြင်နဲ့ ကျွန်းရွာများ၊ မီးပြတိုက်ဟောင်းလေ့လာရေး စတာတွေ ပါဝင်ပါမယ်။ ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ မန်ရွက်ကျေးရွာရှင် ၁၀၀အလှူတော် ခရီးစဉ်ကို ၂၀၁၈ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့မှ ၁၇ ရက်နေ့အထိ သွားရောက်ဖို့ စီစဉ်ထားပါတယ်။

ဒီခရီးစဉ်တွေကို အများနဲ့ပတ်သက်ပြီးတော့ သွားရောက်တာဖြစ်တဲ့အတွက် အသင်းဝင်ရမယ်လို့ မဟုတ်ပါဘူး။ မည်သူမဆို လိုက် စေချင်ပါတယ်။ ဗဟုသုတတွေ ရရှိစေချင်ပါတယ်။ ကုန်ကျစရိတ် အနည်းဆုံး၊ အထိရောက်ဆုံး၊ ပျော်ပျော်ရွှင်ရွှင်နဲ့ မွန်းကျပ်နေတဲ့ စိတ်တွေလည်း လန်းဆန်းသွားအောင် လိုက်စေချင်တာ ဆရာတော်ကြီးရဲ့ စေတနာပါပဲ။

*ကိုညီလုံး*

# ၂၀၁၈ မှာ လူမင်း ပထမဆုံး ပုံဖော်သွားမယ့် ညစ်တွန်း

နှစ်သစ်မှာ လူမင်းကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး ရိုက်ကူးသွားမယ့် ထူးခြားတဲ့ ဇာတ်ကားတွေရှိပါတယ်။ လူမင်း ပထမဆုံး ပုံဖော်မယ့် ဇာတ်ကားကတော့ 'ညစ်တွန်း' လို့ အမည်ပေးထားပြီး အောင်မြင်ခဲ့တဲ့ ဘောလီဝုဒ်ဇာတ်လမ်းကို လူမင်းကိုယ် တိုင် ဝယ်ယူထားတယ်လို့ သိရပါတယ်။ ညစ်တွန်းကိုတော့ လူမင်း၊ ပြေတီဦး၊ ခိုင်သင်းကြည်တို့နဲ့ အဓိက ပုံဖော်သွားမယ်ဆိုတဲ့အကြောင်းကိုတော့. . . " ရုပ်ရှင်ဇာတ်ကားအနေနဲ့ ၂၀၁၈ မှာ ပထမဦးဆုံး 'ညစ်တွန်း' ဆိုတဲ့ ဇာတ်ကားကို ရိုက်ကူးမှာပါ။ ညစ်တွန်းကတော့ အိန္ဒိယ ဇာတ်ကားကို ပြန်လည်ရိုက်ကူးမှာပါ။ အစ်ကိုကိုယ်တိုင်လည်း ဘောလီဝုဒ်သွားပြီး ဒီဇာတ်လမ်းကို ဝယ်ယူခဲ့တာပါ။ အဓိက ကတော့ လူတွေအကြောင်းပါပဲ။ ကိုယ်တို့တိုင်းပြည်နဲ့လည်း ကိုက်တယ်လေ။ အလုံးက ညစ်နေကြတာပါပဲ။ ရှိသမျှ အရာအားလုံးကို တွန်းထုတ်ရင် လောကကြီးတစ်ခုလုံး ညစ်သွားမယ်ဆိုတဲ့ သဘောလေးပေါ့။ ဒါကို အစ်ကိုက လောကကြီးမှာ ချမ်းသာတဲ့လူက ချမ်းသာတာအလျောက်၊ အဆင်မပြေတဲ့လူက အဆင်မပြေကြတဲ့ အလျောက် ညစ်ပြီး ညစ်တွန်းတွန်းနေကြတဲ့ ပုံစံလေးကိုရိုက်မှာပါ။ သူတို့ကလည်း ဟောလိဝုတ်ဒ် ဇာတ်ကားကို မှီငြမ်းပြီးပြန် ရိုက်တယ်။ ဘောလိဝုဒ် ဇာတ်ကားကပိုပြီး အောင်မြင်တယ်။ အစ်ကိုတို့ အနေနဲ့လည်း သူတို့ထက် မညံ့အောင် ရိုက်ရမှာပါ။ ဒုတိယ ခြေလှမ်းအနေနဲ့ကတော့ 'မိုးနဲ့မြေ' ဆိုတဲ့ ရုပ်ရှင်ကားကြီး ရိုက်ပါမယ်" လို့ လူမင်းက ပြောပြပါတယ်။



မန္တလေးမြို့မှာ ကပြဖျော်ဖြေမယ့် လက်ာဒီချစ်သူ ပြဇာတ်မှာလည်း လူမင်းက ရာမမင်းသားနေရာက ပါဝင်သွားဦးမယ်လို့ သိရပါတယ်။ ရာမဇာတ်ရုပ်အတွက်လည်း ရင်ခုန်စိတ်လှုပ်ရှားနေတယ်ဆိုတဲ့ လူမင်းက. . .

"အစ်ကိုတို့ သက်တမ်းတွေမှာတော့ ဆရာချစ်ဦးညိုရဲ့ လက်ာဒီပချစ်သူဆိုရင် အားလုံးက ဟာခနဲ၊ ဟင်ခနဲ ဖြစ်သွားကြတယ်။ အားလုံး ကြိုက်ကြ၊ စွဲလမ်းခဲ့ကြတဲ့ ဝတ္ထုကောင်းတစ်ပုဒ်ပါ။ ဒါကိုလည်း ခေတ်အဆက်ဆက် ရုပ်ရှင်အဖြစ် ရိုက်ကူးဖို့ ကြိုးပမ်းခဲ့ကြတယ်။ အခက်အခဲတွေများစွာကြောင့် မလုပ်ဖြစ်ခဲ့ကြဘူး။ အခုလည်း ပြဇာတ်အသွင်နဲ့ ဖန်တီးတဲ့အချိန်မှာ အစ်ကို့ကိုလည်း ပါဝင်ဖို့ ကမ်းလှမ်းတဲ့အတွက် ဝမ်းမြောက်ဝမ်းသာပဲ လက်ခံဖြစ်ပါတယ်။ ရုပ်ရှင်ကြီး ရိုက်ရရင်တော့ ပိုကောင်းတာပေါ့။ ဒါပေမဲ့ စင်ပေါ်မှာ ကပြရတာဟာလည်း အရသာ အသစ်အဆန်းတစ်မျိုးပါပဲ။ အစ်ကို့အတွက်လည်း ပါဝင်ဖို့ အများကြီး ပြင်ဆင်ရမယ်။ အစ်ကို ပါဝင်ရမယ့် ရာမဇာတ်ကောင်အတွက် တိုက်သားကျအောင် အများကြီး လေ့ကျင့်ရမယ်" လို့ ပြောပြပါတယ်။

*မြတ်မိုးမွှင့်*

www.free4readers.com






# ဆုကြယ်စင်သစ် @ Ki Ki

## ၅ နှစ်ပြည့် မွေးနေ့ဆုတောင်း





လောကအလင်း အနုပညာပြတင်း၊ မျိုးဆက်ဂုဏ်သတင်း အနာဂတ်မြစ်တစ်စင်း၊ ဘဝငွေလမင်း ကောင်းခြင်းဂုဏ်အင်ဆင်ယင်ကာ၊ ၅၂၈ မေတ္တာတရားအားပို၍ ထုထည်ကြီးမားစေသော သမီးလေး ဆုကြယ်စင်သစ် @ Ki Ki ၏ 11. 12. 2017 နေ့ကကျရောက်ခဲ့သော ၅ နှစ်ပြည့် မွေးနေ့ရက်မြတ် ချိန်ခါမှသည် ဖေဖေ ဦးညီသစ်ငယ် + မေမေ ဒေါ်စုစုမွန် တို့၏ ရင်နှစ်သည်းချာ သမီးရတနာတစ်ယောက် ဘဝ ခရီးလမ်းတစ်လျှောက်ဝယ် အောင်မြင်မှုများစွာ ရယူပိုင်ဆိုင်နိုင်ကာ သက်ရှည်ကျန်းမာစွာ ရှင်သန် နေထိုင်၍သွားကောင်း သမီးမြတ် ရင်သွေးရတနာအဖြစ် မျိုးဂုဏ်တင့်အောင် စွမ်းဆောင်နိုင်ပါစေကြောင်း မွေးနေ့ ဆုတောင်း ပြုလိုက်ပါသည်။

*ပေါ်ပြူလာ စာပေအနုပညာဂျာနယ် မိသားစု*
**Asian Fame Media Group**



# အနုပညာလောကမှာ လင်းလက်လာဦးမယ့် ဒေါ်ခင်လေးဆွေနဲ့ စမိုင်းတို့ရဲ့ အနုပညာ မျိုးဆက်

# ကေရီစုစံ



ဗီဒီယိုဇာတ်ကားပေါင်း ၃၀ ကျော် ရိုက်ကူးပြီးစီးခဲ့ပြီဖြစ်တဲ့ ကေရီစုစံက ကိုယ်တိုင်ခေါင်းဆောင်မင်းသမီးအနေနဲ့ လည်း ဇာတ်ကား၂၀လောက်ကိုပါဝင်ရိုက်ကူးခဲ့ပါ တယ်။ သူဟာရုပ်ရှင်အစည်းအရုံး ၁/၂၀၀၈သင်တန်း ဆင်းတစ်ဦးလည်းဖြစ်ပြီးသရုပ်ဆောင် သင်တန်းဆင်းပြီး ပြီးချင်းမှာတော့ ဇာတ်ကားတွေမရိုက်ကူး ဖြစ်သေးဘဲကျောင်း ပဲပြန်တက်ဖြစ်ခဲ့တယ်လို့ဆိုပါတယ်။ တက္ကသိုလ်ကျောင်းတက် ရောက်ပြီးသွားတဲ့အချိန်ကျကာမှသာသရုပ်ဆောင်လောကထဲကို ဝင် ရောက်ဖြစ်ကြောင်းသိရပါတယ်။ သူကမင်းသမီးကြီး ဒေါ်ခင်လေးဆွေရဲ့ တူမတစ်ဦးလည်း ဖြစ် ပြီးသရုပ်ဆောင်စမိုင်းရဲ့ ညီမဝမ်းကွဲ တစ်ဦးလည်း ဖြစ်ပါတယ်။ကြီးကြီး ဖြစ်တဲ့ ဒေါ်ခင်လေးဆွေနဲ့ အစ်မဖြစ်တဲ့စမိုင်းတို့ကို အားကျလို့ အနုပညာ လောကထဲကိုဝင်ရောက်ဖြစ်ခဲ့တာလို့လည်းပြောလို့ရ တယ်ဆိုတဲ့ကေရီစုစံက

" မမတို့ သရုပ်ဆောင်လုပ်နေတဲ့အချိန်တုန်းကတော့ ကိုယ်က ကလေးပဲရှိသေးတယ်။ ကိုယ်က အဲဒီတုန်းကကြည့်ပြီးတော့ အားကျရတဲ့အဆင့်ပဲရှိသေးတယ်။ အိမ်တွေဘာတွေ သွားလည် ရင်လည်း ရှုတင်တွေဘာတွေနဲ့ အစ်မကအမြဲတမ်း အလုပ်ရှုပ် နေတာ။ ဒါပေမဲ့ ကိုယ်သရုပ်ဆောင်လုပ်တဲ့ အချိန်ကျတော့ မမက မလုပ်တော့ဘူး။သူကအိမ်ထောင်ကျပြီး နိုင်ငံခြား ထွက်သွားတဲ့ အချိန်နဲ့တိုးတာပေါ့။ သူနဲ့တော့ဇာတ်ကား တွေမရိုက် ကူးဖြစ်လိုက်ရဘူး။ မမက တော့လူအများနဲ့ ပေါင်းသင်းဆက်ဆံတာလေးတွေ ပြောပြ တယ်။ ကြီးကြီးက ကျတော့ မိတ်ကပ်နဲ့ ပတ်သက်တာ တွေ ပြောပြတယ်။ မိ တ်ကပ်ဆိုရင်ဘယ်လိုမျိုးကမလိုက်ဘူး။ ဘယ်လိုမျိုးကလိုက် တယ်။ ကြီးကြီးနဲ့ကျတော့ ကားရိုက် ကခဏခဏဆုံတယ်။ ဆုံတဲ့ အခါကျတော့ ကြီးကြီးက အမြဲ တမ်းဆူတယ်။ ဆူလည်း ဆူတယ်။ သင်လည်းသင်တယ်။ အခုထိလည်း ဆူတုန်းသင်တုန်းပဲ။ ကြီးကြီး ဆီကနေ အတုယူမယ်ဆိုရင်တော့ အတုယူစရာတွေက အများ ကြီးပါ ပဲ။ သူတို့ရှာန်ဝင်စားတာနဲ့ ကိုယ်တွေ ရှာန်ဝင်စားတာက တအားကို ကွာခြားတယ်။ သူတို့ဆိုရင် ကာရိုက်တာတစ်ခုခုကို ရှာန်ဝင်စားပြီဆိုရင် တခြားဘာမှမသိတော့ဘူး။ ကိုယ်တွေကျတော့ ရိုက်နေတဲ့အချိန်ပဲရိုက်ကူး ပြီးသွားရင် ဟီးဟီးဟားဟား ပြန်ဖြစ်သွားရော။ ကြီးကြီးနဲ့အတူဆုံတဲ့ ရိုက်ကွင်းဆိုရင် အမြဲတမ်းအဆူခံရ တယ်။ အဲဒီလိုမျိုးမလုပ်ရဘူးပေါ့နော်။ အလုပ်အပေါ် မှာစိတ်ပါဝင်စားမှု အမြဲတမ်းအပြည့် အဝထားရမယ်။ အများကြီးသင်ပေးပါတယ်" လို့ပြောပြပါတယ်။ ဒေါ်ခင်လေးဆွေနဲ့ စမိုင်းတို့ရဲ့ မျိုးဆက်ဖြစ်နေပေမယ့်လည်း အနုပညာလောကထဲ ဝင်ရတာလွယ် ကူတာမျိုး တော့မရှိဘူးလို့ သူကဆိုပြန်ပါတယ်။ "ကြီးကြီးက ကိုယ့်အားကိုယ် ကိုးစေချင်တယ်။ မမလက်ထက်တုန်းကလည်း ကြီးကြီးကအများကြီးလုပ်ပေးခဲ့တာမျိုးမရှိဘူး။ ဒေါ်ခင်လေးဆွေမြေးလေးဆိုပြီး အဲဒီ့စကားနဲ့ပဲ သူ့ဘာသာသူ ကြိုးစားခဲ့တာပါပဲ။ ကိုယ့်အလှည့်ကျတော့လည်း ကိုယ့်ဘာသာကိုယ် ကြိုးစားပေါ့နော်။ ဒါပေမဲ့ လိုအပ်တာတွေကိုတော့ ဘေးကနေ အမြဲတောက်လျှောက် ပြောပေးတယ်။ ကြီးကြီး တို့၊ မမတို့ ကိုတော့ ဘယ်လိုမှလည်း မမီနိုင်ပါဘူး။ ကြီးကြီးကကျတော့လည်း တအား ကိုအောင်မြင်ခဲ့တာကိုး။ မမစမိုင်းဆိုရင်လည်း ဒီလိုပဲလေ။ မမကအခုဆိုရင် တစ်ကျော့ပြန်တောင် ရိုက်ကူးမယ်လို့ လုပ်နေပြီလေ။ အဲဒီတော့ သူတို့ကို မီဖို့ ကတော့ မလွယ်ပါဘူး။ ကိုယ်လည်းကိုယ်တတ်နိုင်သလောက်လေးတော့ ကြိုးတော့ကြိုးစားတာပေါ့လေ" လို့ကေရီစုစံကပြောပြပါတယ်။လက်ရှိ မှာတော့ကေရီစုစံကထုတ်လုပ်ရေး တစ်ခုနဲ့ စာချုပ် ချုပ်ဆိုထားတာ ပြီးစီးသွားခဲ့ပြီဖြစ်တဲ့ အတွက် တခြား ထုတ် လုပ်ရေးတွေနဲ့ ဇာတ်ကားတွေ ရိုက်ကူးနေပြီလို့ လည်း သိရပါတယ်။

*လင်းအကွာရာ၊ ဓာတ်ပုံ-ခင်းမင်းထွန်း*

www.free4readers.com

# မင်္ဂလာဆုတောင်း



ချစ်မေတ္တာ အံ့ခြေပြုကာ
ဘဝလက်တွဲဖော်အဖြစ်
တူနှစ်ကိုယ် ရွေးချယ်၍
အိမ်ထောင်တစ်ခု
တည်ထောင်ပြုခဲ့ကြသည့်

**ကိုသီဟစိုး**

B.A Graphic Design and A.A Marketing (Marymount University, U S A) နှင့်

**မဆုမွန်**

B.Sc Merchandising and Marketing (F.I.D.M, U S A)တို့

မင်္ဂလာမောင်နှံနှစ်ဦးသည် မင်္ဂလာရက်မြတ်ချိန်ခါမှ အစပြု၍ ကောင်းကျိုးများ ဆောင်ကြဉ်းကာ ငြိမ်းချမ်းသာယာသော မိသားစု ကမ္ဘာလေးတည်ဆောက်ကာ မျိုးရိုးဂုဏ် ကို မြင့်တင်နိုင်ပြီး မင်္ဂလာသက်တမ်း ရာပြည့်တိုင်အောင် အိုအောင်မင်းအောင် ပေါင်းဖက်နိုင်ကြပါစေကြောင်း မင်္ဂလာဆုမွန်ကောင်း ခြွေလိုက်ရပါသည်။

*နှစ်ဖက်မိဘများနှင့် ဆွေမျိုးများ*
*ဦးခင်မောင်လေးနှင့် ဒေါ်ကြူကြူ*
*ဦးသိန်းလှနှင့် ဒေါ်မေသက်လွင်*




## Comedian of the Year ဆုအတွက် လျာထားခြင်းခံရတဲ့ Yoo Jae Suk



Yoo Jae Suk လို့ ပြောလိုက်တာနဲ့ ကလေးရောလူကြီးပါ မသိသူ ရှားပါတယ်။ Gallup Korea ဟာ ၈ ရက်နေ့မှ နိုဝင်ဘာ ၂၈ ရက်နေ့အထိ "Comedian of the Year" အတွက် လူပေါင်း ၁၇၀၀ ကျော်ကို survey လုပ်ခဲ့ပါတယ်။ Yoo Jae Suk က ပထမနေရာရရှိထားပြီး Kang Ho Dong က ဒုတိယနေရာမှာရရှိထားသလို Park Na Rae ကတော့ တတိယ နေရာကိုရရှိခဲ့ပါတယ်။ Yoo Jae Suk ဟာ အခုလောလောဆယ် "Infinity Challenge" ၊ "Running Man" ၊ "Happy Together" အစရှိတဲ့ အစီအစဉ် တွေမှာ ပါဝင်ထားပါတယ်။ ၂၀၁၇ ရဲ့ "Comedian of the Year" ဆုကို ဘယ်သူရရှိမလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။

## Special Achievement ကို ရရှိခဲ့တဲ့ Park Bo Gum



ချစ်စရာကောင်းတဲ့မင်းသားချောလေး Park Bo Gum ဟာ ၂၀၁၇ခုနှစ် ရဲ့ Tourism Star အဖြစ် သတ်မှတ်ခြင်း ခံခဲ့ရပါတယ်။ ဒီဇင်ဘာ ၁၂ ရက်နေ့က ဆိုးလ် Lotte Hotel Emerald Hall မှာ ကျင်းပခဲ့တဲ့ "Korean Tourism Awards" အခမ်းအနားမှာ "Special Achievement" ကို ပေးအပ်ခြင်းခံခဲ့ရပါတယ်။

Korean Tourism Awards ကို ၂၀၁၀ ခုနှစ်ကတည်းက ကျင်းပခဲ့ကာ အခုဆို ၇ နှစ်တိုင်သွားပါပြီ။ မင်းသားဟာ "Reply 1988" ၊ "Moonlight Drawn by Clouds- ဇာတ်လမ်းတွဲတွေ ရိုက်ကူးပြီး ပရိသတ်တွေရဲ့ ချစ်ခင်နှစ်သက်မှုကို ရရှိခဲ့သူပါ။ ဆုရရှိပြီးနောက် မင်းသားက အခုလို ကျေးဇူးတင်စကား ပြောကြားခဲ့ပါတယ်။ "အခုလို ဆုရရှိတဲ့အတွက်တအားကို ဂုဏ်ယူရပါတယ်။ ခုလိုမျိုးချစ်ခင်ပေးကြတဲ့ ပရိသတ်တွေကိုလည်း တကယ့်ကျေးဇူးတင်ပါတယ်။ ကမ္ဘာအနှံ့က ပရိသတ်တွေနဲ့ တွေ့ဆုံဖို့ အစီအစဉ်တွေကို ဆက်လက်လုပ်ဆောင်သွားမှာပါ" တဲ့။ ဂုဏ်ယူပါတယ် မင်းသား Park Bo Gum ရေ။

## YG Entertainment နဲ့ စာချုပ်ရုပ်သိမ်းလိုက်တဲ့ Goo Hye Sun



ဒီဇင်ဘာ ၁၂ ရက်နေ့ သတင်းအရ မင်းသမီး Goo Hye Sun ဟာYG Entertainmentနဲ့ လက်တွဲဖြုတ်လိုက် ပါပြီ။ Goo Hye Sun ဟာ YG Entertainment ကို ၂၀၀၃ ခုနှစ်ကတည်းက ရောက်ရှိခဲ့ပြီး အခုတော့ စာချုပ်အသစ် ထပ်မချုပ်ဖို့ ဆုံးဖြတ် လိုက်ပါပြီ။ အေဂျင်စီကတော့ သူတို့ဟာ မင်းသမီးကို အမြဲအားပေး ကူညီနေမယ် လို့ပြောပြခဲ့ပါတယ်။ သူမ ဘယ်အေဂျင်စီ ကိုရွေးချယ်မလဲ ဆိုတာကတော့ စောင့်ကြည့်ရမယ့်အခြေအနေပါ။

## မိသားစုအကြောင်းကို ဝေမျှခဲ့သူ HyunA



အဆိုတော် HyunA က ဒီဇင်ဘာ ၁၂ ရက်နေ့က SBS Power FM ရဲ့ "Cho Hwa Jung's Power Time" အစီအစဉ်မှာ ပါဝင်ခဲ့ပြီး သူမရဲ့ မိသားစုအကြောင်းကို ဝေမျှခဲ့ပါတယ်။ သူမဟာ မိသားစုဝင်ထဲမှာ အကြီးဆုံးသမီးသီးဖစ်ပြီး မောင်အငယ် ၂ ယောက်ရှိပါတယ်။ တစ်ယောက်က သူမထက် ၆ နှစ်ငယ်ပြီး နောက်တစ်ယောက် ကတော့ ၈ နှစ်ငယ်ပါတယ်။ သူတို့ဟာအခု စပိန်မှာ ပညာသင်ယူနေပြီး သူမထက် အလုပ်ပိုများကြသူတွေလို့ သိရပါတယ်။ ကျောင်းစရိတ်အတွက်လည်း အချိန်ပိုင်းအလုပ် လုပ်ကြလို့ သူမဟာဘာဝန်ပိုမှ မဖြစ်ခဲ့ပါဘူး "လို့ ပြောပြခဲ့ပါတယ်။

လူကြိုက်များသောဂျာနယ်

www.free4readers.com

# ကိုစစ်နိုင်နဲ့ အကယ်ဒမီ သက်မွန်မြင့်တို့ ဖွင့်လှစ်ထားတဲ့ Sweet Child Of TN &TM ဆိုင် တစ်နှစ်ပြည့်ပွဲ

ကိုစစ်နိုင်နဲ့ အကယ်ဒမီ သက်မွန်မြင့်တို့ ဖွင့်လှစ်ထားတဲ့ Sweet Child of TN & TMဆိုင်တစ်နှစ်ပြည့်ပွဲကို ဒီဇင်ဘာလ ၉ ရက်နေ့ မနက် ၁၀နာရီခွဲက ဆရာစံလမ်း၊ အမှတ် 54/A ရှိ Sweet Child ဆိုင်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ဆိုင်တစ်နှစ်ပြည့်ပွဲ ပြုလုပ်ရခြင်းနဲ့ ပတ်သက်ပြီး သက်မွန်မြင့်က. . .







"တစ်နှစ်ပြည့်နေ့လေးမှာ ဆိုင်မှာ ဘုန်းကြီးငါးပါးပင့်ဖိတ်ပြီး ဆွမ်းဆက်ကပ်တယ်။ Customer တွေအတွက် နိုဝင်ဘာလ ၁၅ ရက်နေ့က စပြီးဝယ်ယူတဲ့သူတွေကို Lucky Draw ဖောက်ပေးတယ်။ပြီးတော့ ဒစ်စကောင့်တွေကိုလည်း Up to 50%လျှော့ပေးတယ်။Delivery ကတော့ ဒီတစ်လလုံးကို ပရိုမိုးရှင်းအနေနဲ့ Free ပို့ပေးထားပါတယ်။ ဒစ်စကောင့်နဲ့ ပရိုမိုးရှင်းကတော့ ဒီတစ်လလုံး နယူးရီးယားအထိ ပေးထားပါတယ်။ ကျန်တာကတော့ အခု ဂဝက်ဆိုက်လည်းဖွင့်ထားပြီ။ အရင်တုန်းကတော့ ဖေ့စ်ဘုတ်မှာမှာလို့ရတယ်။ အခုလို ဝက်ဆိုက်ဖွင့် ပေးထားတော့ Post တွေကို လျှောက်ရှာစရာမလိုတော့ဘဲနဲ့ ဝက်ဆိုက်ဖွင့်လိုက်တဲ့ အခါကျတော့ ကိုယ်လိုချင်တာလေးလည်းရှာ ဈေးနှုန်းတွေလည်း တစ်ခါတည်းပါဆိုတော့ အဲဒီမှာ တစ်ခါတည်း အော်ဒါတက်၊





တစ်ခါတည်း သွားပို့၊ အဲဒီလိုမျိုးလုပ်ပေးထားပါတယ်။ဝယ်ယူတဲ့ သူတွေ အဆင်ပြေအောင် လိုအပ်တာတွေကို ဒီ့ထက်ဒီ့ထက် လုပ်ပေးသွားမှာပါ" လို့ပြောပါတယ်။

စီးပွားရေးအလုပ်ကို မလုပ်တတ်တဲ့ သူတစ်ယောက်အနေနဲ့ ပထမဆုံး စတင်ဖွင့်လှစ်ခဲ့တဲ့ ဒီဆိုင်လေး တစ်နှစ်ပြည့်ပြည့် မြောက်လာခဲ့တဲ့ အပေါ် ရင်ထဲ ကခံစားချက်ကို သက်မွန်မြင့်က. . .

"ဘာပဲဖြစ်ဖြစ်လွန်ခဲ့တဲ့ တစ်နှစ်မှာ ကိုယ်ကလည်း စီးပွားရေး အလုပ်မလုပ်ဘူးတဲ့သူဆိုတော့ သူကပဲ လမ်းကြောင်းတွေ ချပေး။အဲဒီ နောက်ပဲ ကိုယ်ကလိုက်ရတာပေါ့နော်။ ဘာမှမသိ၊ မတတ်ဘဲနဲ့ ဒီဆိုင်လေးဖြစ်ထွန်းအောင် ကြိုးစားခဲ့ရတာ။ အခုတစ်နှစ်မှာ ဒီလိုအနေအထားလေး ရောက်လာတဲ့အတွက် တအားကိုဝမ်းသာပါတယ်။ ယောကျ်ားကိုလည်း ကျေးဇူးတင်ပါတယ်။ အစ်မတွေ၊ ညီမတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကြိုးစား သွားပါဦးမယ်" လို့ ပြောပြပါတယ်။ ဆိုင်တစ်နှစ်ပြည့် အထိမ်းအမှတ်အနေနဲ့ ကံစမ်းမဲ အခု ၂၀ ကျော်ကို ဒီဇင်ဘာလ ၁၀ ရက်နေ့က ဖွင့်ဖောက်မဲနှိုက်ခဲ့ကြောင်း သိရပါတယ်။

ဝင်မာနွယ်

ဓာတ်ပုံ- သားခွေး

# မယ်သီတာ ဖြစ်သွားတဲ့ ဝတ်မှုံရွှေရည်



ဝတ်မှုံရွှေရည်က ဆရာချစ်ဦး ညိုရဲ့ အောင်မြင်ကျော်ကြား လူသိထင်ရှားခဲ့တဲ့ လက်ဘီပချစ်သူ ဝတ္ထုကိုပြဇာတ်အဖြစ် ကပြတင်ဆက်မယ့် ပြဇာတ်မှာ ပါဝင်ကပြသွားမယ်လို့သိရပါတယ်။ ဒီပြဇာတ်မှာ အဓိကဇာတ် ကောင်ဖြစ်တဲ့ သီတာဒေဝီ မင်းသမီး ဇာတ်ရုပ်နေရာက ပါဝင်ကပြဖို့ကို ဝတ်မှုံရွှေရည်အတွက်လည်း တာဝန်ကြီးတယ်လို့ ဆိုပါတယ်။ ဝတ်မှုံရွှေရည်က. . . "ကစ်က ဒီဇာတ်ကို မကြည့်လဲ့လဲ့ဦးက လာပြတော့ ဖတ်ကြည့်ခဲ့တယ်။ ဟိုးအရင်ကတည်းကလည်း ဒီရာဇဝင် ဇာတ်လမ်းက ကြားဖူးနေ ကျဆိုတော့ ကစ်အတွက်ကတော့ တာဝန်ကြီးတယ်လို့ ခံစားရတယ်။ ဒီပြဇာတ်ကပြဖို့လက်ခံရမလား လက်မခံရဘူးလား ဆိုတာကို တော်တော်လေး စဉ်းစားခဲ့ရတယ်။ နောက်ပြီး ကစ်အနေနဲ့လည်း အသစ်တစ်ခုဖန်တီးချင်မိတယ်။ ပြဇာတ်အတွေ့ အကြုံကလည်း နည်းတဲ့အတွက်စိုးရိမ်မိတယ်။ သီတာဒေဝီ မင်းသမီးလေး နေရာကပါဝင်ရမယ့်အတွက်လည်း ကျေးဇူးလည်းတင်တယ်။ ဂုဏ်လည်းယူမိပါတယ်။ ဒီဇာတ်ကို လက်ခံဖြစ်တဲ့ နောက်တစ်ချက်က မန္တလေး ပရိသတ်တွေကြောင့်လည်းပါပါတယ်။ မန္တလေး ပရိသတ်တွေနဲ့လည်း မတွေ့ရတာကြာပြီ ဆိုတော့ သူတို့နဲ့လည်း တွေ့ချင်ပါတယ်"လို့ ပြောပြပါတယ်။

ဝတ်မှုံရွှေရည် ကိုယ်တိုင်ကလည်း စင်တင်ပြဇာတ်တွေမှာ ပါဝင်ကပြတဲ့ အတွေ့အကြုံ နည်းခဲ့တယ် လို့ဆိုပါတယ်။ ဒါကြောင့် မန္တလေးမြို့မှာ ကပြမယ့် ဒီဖျော်ဖြေပွဲအတွက် ဝတ်မှုံရွှေရည်အနေနဲ့ ဘာတွေ ပြင်ဆင်သွားမလဲဆိုတာ မေးမြန်းတော့. . . "အဓိက ကတော့ ကစ်တို့ပါဝင်မယ့်အနုပညာရှင်တွေ အားလုံး ဆုံတွေ့ပြီး အချိန် သေသေချာချာလေး ပေးလေ့ကျင့်ရမှာပါ။ ကစ်ရဲ့အားနည်းချက်ကတော့ ပြဇာတ်အတွေ့အကြုံ နည်းပါတယ်။ ဒါကြောင့်လည်း လုပ် နိုင်ပါ့မလားဆိုပြီး အကြိမ်ကြိမ် ဆုံးဖြတ်ပြီးမှ လက်ခံခဲ့တာပါ။ အရင်တုန်းက ကစ်ပြဇာတ်ကပြရတော့ အပျော်ဟာသတွေ များပါတယ်။ ကိုပြေတီဦးတို့ ဖောင်ဒေးရှင်းအတွက် နှစ်ကြိမ်ပဲ ကပြခဲ့ဖူးတာပါ။ နောက်ထပ် ကိုမိုက်ရဲ့ ပြဇာတ်ပေါ့။ အခုတော့ ရာဇဝင်ဇာတ်ကြီး ကပြရမယ် ဆိုတဲ့အတွက် ကစ်ဘက်က သေချာပြင်ဆင်ပြီး ကြိုးစားပါမယ်။ လက်ဘီပချစ်သူ ပြဇာတ်ကို ဇန်နဝါရီလထဲ မန္တလေးမှာ ကပြတင်ဆက်မှာ ဖြစ်ပါတယ်။ မန္တလေး ပရိသတ်တွေနဲ့လည်း တွေ့ချင်ပါတယ်" လို့ ဝတ်မှုံရွှေရည်က ပြောပါတယ်။

မြတ်မိုးမွှင်၊ ဓာတ်ပုံ-အောင်ဇော်မင်း

# ရုပ်ရှင် ထုတ်လုပ်ရေးဘက် ခြေဦးလှည့်ဖို့ စီစဉ်နေတဲ့ အကယ်ဒမီ ရန်အောင်



၂၀၁၈ခုနှစ်အလယ်လောက်မှာ ကျွန်တော်ထုတ်လုပ်သူ လုပ်မလားလို့ စဉ်းစားပါတယ်လို့ ပြောပြလာတဲ့ အနုပညာရှင်ကတော့ အကယ်ဒမီဆုရှင် ရန်အောင်ပဲဖြစ်ပါတယ်။ သူထုတ်လုပ်ရေး လုပ်တော့မယ့် အကြောင်းကိုတော့ ရန်အောင်က. . .

"စနစ်ပြောင်းသွားလို့ ရုပ်ရှင်ရုံတွေလည်း အများကြီးဖြစ်လာမယ့် သဘောတရားတွေလည်းရှိတယ်။ အဲဒီအတွက်ကြောင့်မို့လို့ ရုပ်ရှင် လောကကြီးက ဦးမော့လာတယ်ပေါ့ဗျာ။ အခုက ကျွန်တော်က ရုပ်ရှင်အလုပ်မှာ သရုပ်ဆောင်ပဲလုပ်တယ်။ နောက်တစ်ခါကျတော့ ထုတ်လုပ်သူ လုပ်မယ်ဆိုရင် ကျွန်တော့်မှာ ကိုယ်ခွဲမရှိဘူး။ ဒီသရုပ်ဆောင် အလုပ်တောင်မှ ကိုယ့်ကိုယ်ကိုယ်တိုင်အားစိုက်ပြီး ကိုယ့်ကိုယ်တိုင်ကြိုးစားပြီး လုပ်တဲ့အလုပ်ဖြစ်နေလို့။ ထုတ်လုပ်သူလုပ်မယ်ဆိုရင် ကျွန်တော့်မှာ ယုံကြည်ရမယ်လူ တစ်ယောက်ရှိ ဖို့လိုတယ်။ ကိုယ်တိုင်လည်း လိုက်မကြည့်နိုင်ဘူး။ အဓိကကတော့ အချက်အလက်တွေ အများကြီးကို လိုက်ကြည့်နေစရာ မလိုတော့ဘူးပေါ့။ အခုဟာက ကျွန်တော့်ရဲ့ ဆရာကြီးတွေ၊ အစ်ကိုတော်တွေနဲ့ တိုင်ပင်နေတာပေါ့လေ။ အရည်အသွေးလည်းရှိရမယ်။ အမြတ်အစွန်းလည်းရှိရမယ်ဆိုတဲ့ ဇာတ်ကားမျိုးကို ရွေးချယ်ပြီး ရိုက်ကူးမယ်လို့စီစဉ်ထားတာပေါ့။ သူတို့ကို ယုံကြည်ပြီးတော့ ပုံအပ်လိုက်မှာပေါ့" လို့ပြောပါတယ်။ရုပ်ရှင်ဇာတ်ကားကတော့ တောက်လျှောက် ပါဝင်သရုပ်ဆောင် ရိုက်ကူးနေမှာပါလို့ဆိုတဲ့ ရန်အောင်ကို သူက ဂီတဘက်မှာလည်း ထူးချွန်တဲ့ အနုပညာရှင်ဆိုတော့ ဂီတနဲ့ ပတ်သက်တဲ့အကြောင်းအရာတချို့ကိုလည်း မေးမြန်းဖြစ်ခဲ့ပါတယ်။ လာမယ့် ၂၀၁၈ ခုနှစ်မှာ တစ်ကိုယ်တော် ဖျော်ဖြေပွဲလုပ်ဖို့ အစီအစဉ်ရှိ၊ မရှိဆိုတဲ့အမေးကို ရန်အောင်က. . .

"ကျွန်တော်လုပ်ဖို့ရှိပါတယ်။ ရှိုးပွဲရဲ့ ပရိုဂရမ်နဲ့ နာမည်နဲ့ကို စဉ်းစားတုန်းရှိသေးတယ်။ One Man Show လုပ်ဖို့ရှိတယ်။ နောက်တစ်ခုကလည်း ဆရာကြီးတစ် ယောက်နဲ့ လည်းတွဲဖက်ပြီး သီဆိုဖို့အစီအစဉ်ရှိပါတယ်" လို့ ပြောပြခဲ့ပါတယ်။

မိုးမောင်

ဓာတ်ပုံ-အောင်ဇော်မင်း

www.free4readers.com

၈၉၀
အနုပညာရှာနယ်
TUESDAY .
DECEMBER. 12 . 2017



ဓာတ်ပုံ-အောင်ဇော်မင်း

# ရုပ်ရှင်ညီလာခံ နဲ့ အနုပညာလောကသားတို့အသံ

Page-II

MMPO

www.free4readers.com



MMPO

# ရုပ်ရှင်ညီလာခံနှင့် အနုပညာ လောကသားတို့အသံ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဦးစီးကျင်းပတဲ့ ရုပ်ရှင်ညီလာခံကို ဒီဇင်ဘာ ၁၂ ရက်နေ့က ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံမှာ ပြုလုပ်ခဲ့ပါတယ်။ အဆိုပါရုပ်ရှင်ညီလာခံကိုတော့ ရုပ်ရှင်လောကသားများစုံညီစွာ တက်ရောက်ခဲ့ ကြတာတွေရပြီး အလွှာအသီးသီးက လည်း တက်ရောက်ဆွေးနွေးခဲ့ကြပါတယ်။ ဒါကြောင့်လည်း အခုလက်ရှိ အမှုဆောင်အသစ်လက်ထက်မှာ ပြုလုပ်နိုင်ခဲ့တဲ့ ရုပ်ရှင်ညီလာခံနဲ့ပတ်သက်လို့ ရုပ်ရှင်လောကသားတွေရဲ့ စကားသံများကို မေးမြန်းဖော်ပြပေးလိုက်ရပါတယ်။

## ရန်အောင်

ရုပ်ရှင်လောကရဲ့ လိုအပ်ချက်အသီးသီးကို အလွှာအသီးသီးကနေ တင်ပြလာတယ်။ တကယ့်ကို လိုအပ်တဲ့ဟာတွေလည်း ဖြစ်တယ်။ အခု တင်ပြခဲ့တဲ့အချက်တွေအကုန်လုံးကို ကျွန်တော့်ဘက်က သိပ်ပြီးသဘောကျတယ်။ သိပ်ပြီးတော့ သဘောမကျတဲ့ အချက်အလက်လေးတွေရှိပါတယ်။ ဒါပေမဲ့ အကုန် တော်တော်များများကို သဘောကျပါတယ်။ ဝမ်းသာပါတယ်။ အခုဟာက တော်တော်ကြီးကိုပြည့်စုံပါတယ်။ ကျွန်တော် ထပ်ပြောချင်တာတစ်ခုကတော့ ကျွန်တော်တို့ရဲ့ဥက္ကဋ္ဌကြီးကို ပြောချင်တာ ဘာလဲဆိုတော့ ရုပ်ရှင်ရိုက်ကွင်းမှာ ကျွန်တော်တို့ကင်မရာတွေနဲ့ Live တွေရိုက်ပြီး မတင်ဖို့ပေါ့လေ။ အဲဒါလေး ကျွန်တော်သတိပေးရင်းနဲ့ တောင်းဆိုမှုလေးတစ်ခုပေါ့။ ဒါကတော့ နိုင်ငံတကာမှာဆိုလို့ရှိရင် ကျွန်တော်တို့ကြားဖူးတာပါ။ ရိုက်ကွင်းပေါ်မှာဆိုရင် ကင်မရာတွေ၊ ဖုန်းတွေကို သပ်သပ်ထားခဲ့ရတယ်။ ရိုက်ကွင်းပေါ်ကို သယ်လာခွင့်လည်းမရှိဘူး။ Live ရိုက်လို့လည်းမရဘူး။ အဲဒီလိုလေးတော့ ရှိတယ်ဗျ။ ဒါက ကျွန်တော်တို့ လိုဦးမှာပါလေ။ ဒါပေမဲ့ လုပ်တာတော့လုပ်ရမှာပါ။ ဟိုတစ်ခါ Live တွေရိုက်မှန်းမသိ ရိုက်ပြီးတော့ ကျွန်တော်တို့က ဘာတွေပြောလို့ပြောမှန်းမသိပြောနေကျ၊ ချွတ်ချွတ်ချော်ချော်လေးတွေဖြစ်သွားတာမျိုးလေးတွေရှိတယ်။ အဲ ဒါလေးတွေကို သတိထားပြီးတော့ ပြုပြင်စေချင်တယ်။ ထိန်းသိမ်းနိုင်ပြီးတော့ စည်းကမ်းလေးထုတ်နိုင်ရင်တော့ ကောင်းနိုင်မယ်လို့ ကျွန်တော်စဉ်းစားမိပါတယ်။

## လွင်မိုး

အကြံပြုစာတော့ ပေးထားတာမရှိဘူး။ ညီလာခံတက်ဖြစ်ခြင်းရဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့ ညီညွတ်ခြင်းကို ပြတယ်ဆိုတဲ့ သဘောတွေ အများကြီးပါပါတယ်။ ဒီသဘောနဲ့ လာတာလည်း ဖြစ်ပါတယ်ခင်ဗျာ။ မြန်မာ့ရုပ်ရှင်နဲ့ ပတ်သက်လို့ကတော့ ကျွန်တော် ၂ ပိုင်းခွဲမြင်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ ၂၀၀၆ခုနှစ်က ဆင်ဖိုစီယမ်ဆိုပြီး တစ်ခုလုပ်ခဲ့ပါသေးတယ်။ အန်တီဂရေ့စ်တို့နဲ့ ကျွန်တော်တို့ Micasa မှာ လုပ်ခဲ့တာပေါ့။ အဲဒီ ဆင်ဖိုစီယမ်မှာတော့ ကျွန်တော်တို့ ကိုရီးယား ပညာရှင်တွေပါပြီးတော့ ဆွေးနွေးပွဲ တစ်ခုလုပ်ပြီးတော့ အဲဒီမှာ ကျွန်တော်သိရတဲ့ အချက်တစ်ချက်က နိုင်ငံတစ်နိုင်ငံရဲ့ ရုပ်ရှင်မှာ ကွဲလွဲနေတဲ့ အကြောင်းအရာ ၂ ချက်ရှိတယ်။ အဲဒါက အနုပညာဆန်သော ရုပ်ရှင်နဲ့ ငွေရေးကြေးရေး အမြတ် အစွန်းရသော ရုပ်ရှင်ဖြစ်ပါတယ်။ အင်တာတိန်းမန့် ဆန်သောရုပ်ရှင်ကားသည် ငွေရေးကြေးရေးအမြတ်အစွန်း အများကြီးရတယ်။ အနုပညာဆန်တဲ့ ရုပ်ရှင်ဇာတ်ကားတွေက ငွေရေးကြေးရေး အမြတ်အစွန်း သိပ်မရကြဘူး။ ဒီအခြေအနေကတော့ လူတွေ လွယ်လွယ်ပြောနေကြတဲ့ ပေါကားပေါ့။ ပေါကားကို အကုန်လုံးလည်း သိကြပြီးသား ဖြစ်တယ်။ သူ့ရဲ့ ငွေရေးကြေးရေး အမြတ်အစွန်းကြီးတယ်။ အနုပညာဆန်တဲ့ ဇာတ်ကားတွေကတော့ ငွေရေးကြေးရေး အမြတ်အစွန်းနည်းတယ်။ သို့သော်လည်း အနောက်နိုင်ငံတွေမှာကျတော့ အနုပညာအရည်အသွေးတွေ ကျဆင်းလာလို့ရှိရင် ရုပ်ရှင်လောက နိမ့်ပါးသွားမှာစိုးတဲ့အတွက် အနုပညာဆန်တဲ့ ရုပ်ရှင်ဇာတ်ကားတွေကို အစိုးရက ပံ့ပိုးတယ်။ ဘယ်လိုပံ့ပိုးပေးလဲဆိုတော့ သူတို့ဆီမှာ ကျောင်းတွေ၊ ကောလိပ်တွေ၊ တခြားအဖွဲ့အစည်း NGO တွေရှိတဲ့အတွက် သူတို့ဆီက ကျောင်းတွေမှာ ပြန်ပြပြီးတော့ ငွေရေးကြေးရေး ပြန်ရှာပေးတဲ့ အပိုင်းတွေရှိတယ်။ ပြောချင်တာ တစ်ခုကတော့ ဒီလောက်ကြီးတော့ ကျွန်တော်တို့က သွားလို့မရသေးဘူး။ ကျွန်တော်တို့ဖြစ်နေတဲ့ Position က ဘာမှာသွားဖြစ်နေလဲဆိုတော့ အနုပညာဆန်သော ဇာတ်ကားနဲ့ အင်တာတိန်းမန့်ဆန်သော ဇာတ်ကားဆိုပြီးတော့ ၂ပိုင်းမှာ ကျွန်တော်တို့သွားဖြစ်နေတာကိုး။ အဲဒါလေးကတော့ ချက်ချင်းကြီး အနုပညာဆန်ရမယ်ဆိုပြီးတော့ လုပ်လို့မရသလို အင်တာတိန်းမန့် သိပ်ဆန်နေတဲ့ လွယ်လွယ်ပြောတဲ့ ပေါကားတွေကို ချက်ချင်းရပ်ပါဆိုတာကလည်း ခက်ခဲတဲ့ အနေအထားတွေရှိပါတယ်။

## ကျော်ကျော်ဗိုလ်

ဆန္ဒတွေကတော့ ကျွန်တော်တို့ ရပ်တည်နေတဲ့၊ ကျွန်တော်တို့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ လောကကြီးကို တိုးတက်စေချင်တာလေ။ အဘက်ဘက်က ဖွံ့ဖြိုးစေချင်တဲ့အတွက် ကိုယ်တတ်နိုင်တဲ့ အကြံဉာဏ်လေးတွေ ဝိုင်းပေးကြမယ်။ အဆိုပြုကြမယ်။ အပြုသဘောဆောင် ပြီးတော့ ဆွေးနွေးတိုင်ပင်ကြမယ်ပေါ့။ ဒါမျိုးလေးတွေလုပ်ကြမယ်ပေါ့။ ဒီလို စုစုစည်းစည်း တက်ရောက်လာကြတော့လည်း အားလုံးအဆင်ပြေပါတယ်။ ရလဒ်ကတော့ အကုန်လုံးက တိုးတက်ဖို့ လမ်းကြောင်းပေါ်ကို သွားချင်လို့ လုပ်ကြတာဖြစ်တဲ့အတွက် တိုးတက်ဖို့ပဲ မြင်ပါတယ်ဗျ။

## နေတိုး

ဒီနေ့က ရုပ်ရှင်အလွှာအသီးသီးက ညီလာခံမှာ ဆွေးနွေးတိုင်ပင်ပြီးတော့မှ ရုပ်ရှင်ရဲ့ နောင်အနာဂတ်အတွက် အကောင်းဆုံးတွေကို စနစ်တကျနဲ့ ပြင်ဆင်ပြီး ရိုက်ကူးသွားဖို့အတွက် ရုပ်ရှင်ညီအစ်ကို မောင်နှမတွေ အားလုံး စုစည်းပြီးတော့ ဝင်ရောက်ဆွေးနွေးတဲ့ နေ့လေးတစ်နေ့ဖြစ်ပါတယ်။ ဒီပွဲရဲ့ ရလဒ်ကလည်း တော်တော်လေးလည်း စိတ်တူကိုယ်တူဖြစ်နေတာတွေ့ရတော့ ကျွန်တော့်အနေနဲ့ အလွန်ပဲ ကျေနပ်မိပါတယ်။ ဒီပွဲကို တက်ရောက်ရခြင်းပေးရတဲ့ အချိန်ကလည်း နောင်အနာဂတ် အတွက် အလွန်အကျိုးရှိတဲ့နေ့တစ်နေ့လို့လည်း ပြောလို့ရပါတယ်။ ရုပ်ရှင်ဆိုတာ အဖွဲ့အစည်း အလွှာအသီးသီးက တက်ညီလက်ညီနဲ့ teamwork မိမိနဲ့ အလုပ်လုပ်နိုင်မှသာလျှင် ကောင်းမွန်တဲ့ result တစ်ခုကို ရတဲ့ အနုပညာတစ်ခုလည်း ဖြစ်တယ်။ စုပေါင်းညီညာပြီးတော့မှ တကယ်ကို ဖွဲ့စည်းထားတဲ့ ပုံစံကိုကလည်း ရုပ်ရှင်ရဲ့ ဇာတ်ကားကိုပဲ direction focus လုပ်ပြီးတော့မှ ဦးတည်ပြီး လုပ်ရတဲ့အခါကျတော့ တစ်ယောက်နဲ့ တစ်ယောက်ရဲ့ လိုအပ်ချက်လေးတွေကို အနည်းနဲ့အများ digital cinema ခေတ်မှာ တွေ့မြင်လာရတယ်။ အဲဒီအားနည်းချက်တွေကို ဒီမှာ အကုန်လုံး ပြန်လည်ဖြည့်ဆည်းနိုင်အောင်အတွက် တိုင်ပင်ဆွေးနွေးကြပါတယ်။

## မြင့်မြတ်

နှစ်ပေါင်း ကိုးဆယ့်ရှစ်နှစ်အတွင်းမှာ ပထမဦးဆုံးအကြိမ် လွတ်လပ်စွာကျင်းပခွင့်ရတဲ့ပွဲဖြစ်တဲ့အတွက် အလွန်ဝမ်းသာစရာကောင်းပါတယ်။ ဒီပွဲမှာလည်း အနုပညာညီအစ်ကိုမောင်နှမတွေ စုံလင်စွာတက်ရောက်တဲ့အတွက် အရမ်းဝမ်းသာပါတယ်။

## ခိုင်သင်းကြည်

ရုပ်ရှင်ညီလာခံဆိုတော့ မခိုင်တို့လို ရုပ်ရှင်အဖွဲ့သားတွေ အကုန်လုံး တက်သင့်တဲ့ပွဲပါ။ မခိုင်အခု လာတယ်ဆိုတာက တင်ပြစရာတော့ မရှိပါဘူး။ အဓိကကတော့ ဒီမှာ အကုန်လုံးတင်ပြသွားတာ၊ ဆွေးနွေးသွားတာတွေကို မခိုင်တို့က မသိလိုက်မှာစိုးလို့ နားထောင်တယ်။ နောက်ပြီးကျတော့ ဘယ်လိုတွေဖြစ်သင့်တယ်ဆိုတာတွေကို လေ့လာတယ်။ အဲဒီလိုမျိုးပါ။ အဲဒီအတွက် လာတာပါ။

## လင်းဇာနည်ဇော်

ဒီနေ့ပွဲတက်ရောက်ဖြစ်တာကတော့ အစ်မတို့ ရုပ်ရှင်လောကသားတွေအတွက် ညီလာခံဖြစ်တဲ့အခါကျတော့ ဒီလိုမျိုးဟာမျိုးက ဖြစ်လည်းဖြစ်သင့်တယ်လေ။ ဘာဖြစ်လို့လဲဆိုတော့ ရုပ်ရှင်သမားတွေဟာ များများတွေ့ရလေကောင်းလေပဲ။ တစ်ယောက်နဲ့ တစ်ယောက် ချစ်ချစ်ခင်ခင်နဲ့ တစ်ယောက်လိုအပ်ချက်ကို တစ်ယောက်ညှိနှိုင်းပြီးတော့ ရုပ်ရှင်လောကတိုးတက်ဖို့အတွက်ကို ဒီလိုမျိုး မကြာခဏလုပ်သင့်တယ်လို့လည်း ထင်ပါတယ်။ အဲဒါကြောင့်လည်း အစ်မတက်ရောက်ဖြစ်တာပါ။

## ဖူးစုံ

အလွန်ကောင်းတဲ့ပွဲကြီးတစ်ပွဲပါ။ ညီလာခံကြီး ပြီးသွားရင် ရုပ်ရှင်သမားတွေလည်း ဒီထက်ပိုပြီး ချစ်ခင်လာကြမယ်။ စည်းလုံးလာကြလိမ့်မယ်လို့ မြင်ပါတယ်။

Page - IV သို့

www.free4readers.com

